# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့တွင် ၂၀၂၅ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့မှ ဧပြီလ ၁ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် "အာဆီယံနိုင်ငံများအတွက် အခြေခံအဆောက်အအုံချိတ်ဆက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲ" သို့ တက်ရောက်ခဲ့သည့် အစီရင်ခံစာ

ဒေါ်ဇင်မာချို
လက်ထောက်ညွှန်ကြားရေးမှူး
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ရက်စွဲ ၊ ၂၀၂၅ ခုနှစ်၊ ဧပြီလ ရက်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ မှ - ထိ |
|---|---|---|
| ၁။ | နိဒါန်း | ၁ - ၂ |
| ၂။ | ရည်ရွယ်ချက် | ၂ - ၂ |
| ၃။ | ခွင့်ပြုမိန့် | ၂ - ၂ |
| ၄။ | ခရီးစဉ် | ၂ - ၃ |
| ၅။ | အထောက်အပံ့၊ ဆွေးနွေးပွဲတက်ရောက်ခဲ့သည့် ကိုယ်စားလှယ်များ ဆွေးနွေးပွဲအစီအစဉ် | ၃ - ၃ |
| ၆။ | ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း | ၃ - ၄ |
| ၇။ | ဆွေးနွေးပို့ချချက်များ | ၄ - ၁၃ |
| ၈။ | Great Wall သို့ လေ့လာရေးခရီးစဉ် သွားရောက်ခြင်း | ၁၄ - ၁၄ |
| ၉။ | ချန်ဒူးမြို့သို့ လေ့လာရေးခရီးစဉ် သွားရောက်ခြင်း | ၁၄ - ၃၁ |
| ၁၀။ | ပိတ်ပွဲအခမ်းအနားကျင်းပခြင်း | ၃၁ - ၃၁ |
| ၁၁။ | ရရှိသည့်အကျိုးကျေးဇူးများ | ၃၁ - ၃၂ |
| ၁၂။ | သုံးသပ်အကြံပြုချက်များ | ၃၂ - ၃၂ |
| ၁၃။ | နိဂုံး | ၃၂ - ၃၃ |

နောက်ဆက်တွဲများ

နောက်ဆက်တွဲ(က) နေ့အလိုက်ဘာသာရပ်သင်ကြားပို့ချမှု အချိန်ဇယား

နောက်ဆက်တွဲ( ခ ) မှတ်တမ်းဓာတ်ပုံများ

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ပေကျင်းမြို့တွင် ၂၀၂၅ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့မှ ဧပြီလ ၁ ရက်နေ့ အထိ ကျင်းပပြုလုပ်သည့် "အာဆီယံနိုင်ငံများအတွက် အခြေခံအဆောက်အအုံ ချိတ်ဆက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲ"သို့တက်ရောက်ခဲ့သည့်အစီရင်ခံစာ**

**နိဒါန်း**

၁။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ပေကျင်းမြို့၊ Academy for International Business Officials (AIBO)၌ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့မှ ဧပြီလ ၁ ရက်နေ့ အထိ ကျင်းပပြုလုပ်ခဲ့သည့် "အာဆီယံနိုင်ငံများအတွက် အခြေခံအဆောက်အအုံ ချိတ်ဆက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲ" (Seminar on Infrastructure Connectinity Cooperation For ASEAN Countries)သို့ နိုင်ငံခြားရေးရာမူဝါဒကော်မတီ၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၃ ရက်နေ့ ရက်စွဲပါ စာအမှတ်၊ ၀၅ ၀၃(ကြိုတင်)(၂၆၆-၁/၂၀၂၅)နခ၄အရ မြန်မာနိုင်ငံမှ အောက်ဖော်ပြပါ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်-

(က) ဒေါက်တာစိုင်းတေဇာမျိုး
မန်နေဂျာ
မြန်မာ့သစ်လုပ်ငန်း
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ခ) ဒေါ်ဇင်မာချို
လက်ထောက်ညွှန်ကြားရေးမှူး
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဂ) ဒေါ်ဖြူဖြူဆန်း
ဦးစီးအရာရှိ
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဃ) ဒေါ်မေသူသူ
ဦးစီးအရာရှိ
ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဃ) ဒေါ်အေးအေးငြိမ်း

ဒုတိယဦးစီးမှူး

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

**ရည်ရွယ်ချက်**

၂။ အဆိုပါဆွေးနွေးပွဲသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အခြားဖွံ့ဖြိုးဆဲနိုင်ငံများအကြား အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုတွင် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အခြေခံအဆောက်အအုံချိတ်ဆက်မှုဆိုင်ရာ အစီအစဉ်နှင့် လက်တွေ့အသုံးပြုနေသော အတွေ့အကြုံများကို မျှဝေရန်၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ထုတ်လုပ်မှုစွမ်းအားများအတွက် ပူးပေါင်းဆောင်ရွက်မှုနှင့် ယဉ်ကျေးမှုမြှင့်တင် နိုင်ရေးအတွက် အခြေခံအုတ်မြစ်ချမှတ်နိုင်ရန်နှင့်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်း ဖြစ်ပါသည်။

**ခွင့်ပြုမိန့်**

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံခြားရေးရာမူဝါဒကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၅)မှ ခွင့်ပြုခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၃-၃-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၀၅ ၀၃(ကြိုတင်)(၂၆၆-၁/၂၀၂၅) နခ၄၏ ခွင့်ပြုမိန့်ဖြင့် ဆွေးနွေးပွဲ တက်ရောက်ခြင်း ဖြစ်ပါသည်။

**ခရီးစဉ်**

၄။ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့ ဒေသစံတော်ချိန်(၂၂:၃၀) နာရီတွင် Air China LTD လေကြောင်းခရီးစဉ်၊ လေယာဉ်အမှတ် - CA906 ဖြင့် ရန်ကုန်မြို့၊ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့ရာ ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် (၄:၀၀) နာရီတွင် ရောက်ရှိခဲ့ပြီး ယင်းမှတစ်ဆင့် မော်တော်ယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့ရှိ Lakeside Hotel သို့ ဒေသစံတော်ချိန် (၆:၀၀) နာရီတွင် ရောက်ရှိခဲ့ပါသည်။

၅။ မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ်လ(၁၉)ရက်နေ့မှ ဧပြီလ(၁)ရက်နေ့အထိ ဆွေးနွေးပွဲ တက်ရောက်ပြီးနောက် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂ ရက်၊ ဒေသစံတော်ချိန် နံနက် (၀၇:၁၅) နာရီတွင်

ပေကျင်းမြို့မှ China Eastern Airlines လေကြောင်းခရီးစဉ်၊ လေယာဉ်အမှတ် - MU 5720 ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းလေဆိပ်သို့လည်းကောင်း၊ ၎င်းမှတစ်ဆင့် ရန်ကုန်မြို့၊ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေယာဉ်အမှတ် - MU 2031 လေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂ ရက်၊ ဒေသစံတော်ချိန် (၁၄:၀၀) နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

**အထောက်အပံ့**

၆။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် "အာဆီယံနိုင်ငံများအတွက် အခြေခံအဆောက်အဦ ချိတ်ဆက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" သို့ တက်ရောက်ခဲ့သော တည်းခိုစရိတ်နှင့် အသွားအပြန်လေယာဉ်စရိတ်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (Ministry of Commerce of China-MOFCOM) အစီအစဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရမှ ကျခံပေးပြီး ဝတ်စုံစရိတ်ကို နိုင်ငံတော်မှ ကျခံခြင်းဖြစ်ပါသည်။

**ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် ကိုယ်စားလှယ်များ**

၇။ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်(၅)ဦး၊ ကမ္ဘောဒီးယားနိုင်ငံမှ ကိုယ်စားလှယ်(၈)ဦး၊ အင်ဒိုနီးရှားနိုင်ငံမှ ကိုယ်စားလှယ်(၃)ဦး၊ လာအိုနိုင်ငံမှကိုယ်စားလှယ် (၇)ဦး၊ မလေးရှားနိုင်ငံမှ ကိုယ်စားလှယ်(၂)ဦး၊ ဖိလစ်ပိုင်နိုင်ငံမှ ကိုယ်စားလှယ်(၂)ဦး၊ ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်(၅)ဦး၊ ဘာရိန်းနိုင်ငံမှ ကိုယ်စားလှယ် (၁)ဦး၊ စုစုပေါင်း ကိုယ်စားလှယ် (၃၃) ဦး တက်ရောက်ခဲ့ပါသည်။

**ဆွေးနွေးပွဲအစီအစဉ်**

၈။ ဆွေးနွေးပွဲကို ၂၀၂၅ ခုနှစ်၊ မတ်လ ၁၉ ရက်မှ ဧပြီလ ၁ရက် အထိ သက်ဆိုင်ရာ အစီအစဉ်များအတိုင်း ကျင်းပခဲ့ပြီး ဆွေးနွေးပွဲအစီအစဉ်များကို နောက်ဆက်တွဲ(က)ဖြင့် တင်ပြအပ်ပါသည်။

**ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း**

၉။ အာဆီယံနိုင်ငံများအတွက် အခြေခံအဆောက်အအုံချိတ်ဆက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ(Seminar on Infrastructure Connectivity Cooperation for ASEAN Countries)၏ ဖွင့်ပွဲအခမ်းအနားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့ Lakeside Hotel ၌ ၁၉-၃-၂၀၂၅ ရက်နေ့(၁၀:၀၀)နာရီတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ ဖွင့်ပွဲ အခမ်း

အနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Department of China aid Training Programs, AIBO MOFCOM မှ တာဝန်ရှိသူများနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက် ခဲ့ကြ ပြီး Department of China aid Training Programs, AIBO MOFCOM မှ Deputy Driector of Executive ဖြစ်သူ Mr.Wu Hao က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ (မှတ်တမ်းဓာတ်ပုံများကို နောက်ဆက်တွဲ(ခ)ဖြင့် လည်းကောင်း တင်ပြအပ်ပါသည်။)

**ဆွေးနွေးပို့ချချက်များ**

၁၀။ ၂၀-၃-၂၀၂၅ ရက် နံနက်ပိုင်းတွင်“Current Status of China ခေါင်းစဉ်ဖြင့် School of International Politics and Economics / University of Chinese Academy of Social Sciences မှ Professor Dr.Xie Wenze က ဆွေးနွေးပို့ချခဲ့ပါသည်။ အဆိုပါဆွေးနွေးချက်များမှ အောက်ပါတို့ကိုကောက်နုတ်တင်ပြအပ်ပါသည်-

(က) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တည်နေရာအနေအထား၊ သမိုင်းကြောင်း၊ လွတ်လပ်ရေးရပြီးအခြေအနေ၊ တရုတ်နိုင်ငံ၏ လက်ရှိအခြေအနေ၊ အုပ်ချုပ်မှုနှင့် ဝိသေသလက္ခဏာများနှင့်စပ်လျဉ်း၍ ပို့ချခဲ့ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အာရှဥရောပတိုက်၊ အာရှပစိဖိတ်ဒေသနှင့် နီးကပ်စွာတည်ရှိပြီး ကမ္ဘာ့နိုင်ငံများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ ကုန်းမြေ၏ဧရိယာ ၉.၆ မီလီယံ စတုရန်းကီလိုမီတာရှိပြီး လူဦးရေမှာ ၁၄၀၈,၃ သန်း ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် လူမျိုးစု ၅၆ စု နေထိုင်ပြီး လူဦးရေ စုစုပေါင်း၏ ၉၃ ရာခိုင်နှုန်းမှာ ဟန်လူမျိုးများဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လွတ်လပ်ရေးမရခင်ကာလ တွင် ဘီစီ ၃၀၀၀ ကတည်းက ကျွန်စနစ်ကို နှစ်ပေါင်း ၂၈၀၀ ခန့်၊ မြေရှင်ပဒေသရာဇ်စနစ်ကို နှစ်ပေါင်း၂၀၆၁ နှစ်၊ ကိုလိုနီစနစ်နှင့် မြေရှင် ပဒေသရာဇ်စနစ်ကို နှစ်ပေါင်း ၁၀၉ နှစ်ခန့် ကြုံတွေ့ခဲ့ပြီးနောက် ၁၉၄၉ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ပြီး ထိုလွတ်လပ်ရေးရပြီးသည့်အချိန်မှ ယနေ့အချိန် ကာလကို Red China ဟု ခေါ်ဆိုပါကြောင်း၊ ၁၈၄၀ မှ ၁၉၄၉ ကာလသည် ကိုလိုနီစနစ်နှင့် မြေရှင်ပဒေသရာဇ်စနစ်တို့ ကြီးစိုးသည့်ကာလဖြစ်ပြီး အင်္ဂလန်၊ ပြင်သစ်၊ ဂျပန်၊ ဂျာမနီ၊ရုရှား၊ အမေရိကန်၊ အီတလီစသည့်နိုင်ငံများ၏ ကျူးကျော် ဝင်ရောက်မှုကို ခံခဲ့ရကြောင်း၊ ၁၉၄၉ မှ ၁၉၅၆ ခုနှစ်အထိ မော်စီတုန်း (Maozedong)၊ ၁၉၅၆ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ဒန်ရှောက်ဖျင် (Deng Xiaoping)၊ ၂၀၂၂ ခုနှစ်မှ ယနေ့အချိန်အထိ သမ္မတရှီကျင်းဖျင် (Xi Jinping) တို့မှ အုပ်ချုပ် ခဲ့ကြပါကြောင်း၊

(ခ) ၂၀၂၄ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကုန်ထုတ်လုပ်မှုအပိုင်းတွင် သမားရိုးကျစက်မှုလုပ်ငန်း ၂၉.၉ ရာခိုင်နှုန်းနှင့် ခေတ်မီနည်းပညာဖြင့် ဆောက်ရွက်သော စက်မှုလုပ်ငန်း ၇၀.၁ ရာခိုင်နှုန်း ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ မြို့ပြဧရိယာများနှင့်စုစည်းမှုတွင် မြို့ပြတွင် နေထိုင်သူဦးရေ ၆၇ ရာခိုင်နှုန်းရှိပြီး မြို့ကြီး ၅ မြို့(ပေကျင်း၊ ရှန်ဟိုင်း၊ ဂွမ်ဇူး၊ ဝူဟန်၊ ချန်ဒူး) တွင် လူဦးရေ ၅၅၂ သန်း နေထိုင်ပါကြောင်း၊ ဒစ်ဂျစ်တယ် စီးပွားရေး၊ ဒစ်ဂျစ်တယ်အစိုးရနှင့် ဒစ်ဂျစ်တယ် လူမှုအသိုက်အဝန်းတို့ကို ဖော်ဆောင်လျက်ရှိပါကြောင်း၊

(ဂ) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ လူမှုရေးကဏ္ဍအောင်မြင်မှုမှာ လူနေမှု အဆင့်အတန်း မြင့်မားစေရန်အတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် အစားအစာ၊ အဝတ်အထည်၊ နေရာထိုင်ခင်း၊ ဆေးရုံဆေးခန်းများနှင့် ပညာရေးနယ်ပယ်များတွင် လုံလောက်မှုရှိပြီး စိန်ခေါ်မှုများအနေဖြင့် ဝင်ငွေပိုမိုရရှိမှု၊ ပိုမိုကောင်းမွန်သော ဒီမိုကရေစီရရှိမှု၊ ပိုမိုကောင်းမွန်သော လူနေမှုအဆင့်အတန်းမြင့်မားမှု၊ ပိုမိုကောင်းမွန်သော ဂေဟစနစ်နှင့် ပြည်သူလူထု၏ လုံခြုံမှု၊ ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းမှု စသည်တို့ လိုအပ်ပါကြောင်း၊ စားနပ်ရိက္ခာဘေးကင်းလုံခြုံမှုတွင် ပြောင်း၊ ဆန်၊ ဂျုံတို့ကို ထုတ်လုပ်နိုင်ပြီး စိန်ခေါ်မှုအနေဖြင့် စိုက်ပျိုးမြေဧကတွင် အကန့်အသတ် ဖြင့်သာရှိကြောင်း၊ ရေအရင်းအမြစ်ကဏ္ဍတွင် တောင်-မြောက် ရေပေးဝေမှု စီမံကိန်းအနေဖြင့် ၃ ခုရှိပါကြောင်း၊ ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချလျက်ရှိပြီး သဲကန္တာရ အပင်များစိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးကဏ္ဍတွင် ဒီမိုကရေစီစနစ်ကို အပြည့်အဝကျင့်သုံးသော နိုင်ငံဖြစ်ကြောင်း၊ စီးပွားရေးကဏ္ဍတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ဒုတိယမြောက်ကမ္ဘာ့ စီးပွားရေးအကြီးဆုံး နိုင်ငံဖြစ်ပါကြောင်း၊ အစိမ်းရောင် ဒစ်ဂျစ်တယ် စီးပွားရေး အသွင်သို့ ကူးပြောင်းရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးမှာ ၂၀၁၇ ခုနှစ် တွင် ၃၂.၇ ရာခိုင်နှုန်းမှ ၂၀၂၃ ခုနှစ်တွင် ၄၄.၅ ရာခိုင်နှုန်းသို့ တိုးတက်ခဲ့ပါကြောင်း၊ အုပ်ချုပ်မှုကဏ္ဍတွင် ကွန်မြူနစ်ပါတီသည် အကြီးဆုံးပါတီဖြစ်ပြီး အဖွဲ့ဝင် ၉၉ သန်းကျော် ပါဝင်ပါကြောင်း၊ နိုင်ငံရေးတွင် အခြေခံကျသော စွမ်းဆောင်မှုများမှာ နိုင်ငံရေး၊ လူမှုရေးများကို အမျိုးသားအဆင့် ဆွေးနွေး ညှိနှိုင်းခြင်း၊ တပ်ဖွဲ့ဝင်များကို စုစည်းခြင်း၊ ပြည်သူလူထုနှင့် နိုင်ငံတော်လုံခြုံရေးကို မြှင့်တင်ခြင်းနှင့် လူမှုဘဝတိုးတက်စေခြင်းစသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ပါသည်။

၁၁။ ၂၀-၃-၂၀၂၅ရက် နေ့လည်ပိုင်းတွင် “Chinese Modernisation”ခေါင်းစဉ်ဖြင့် China Foreign Affairs University မှ တွဲဖက်ပါမောက္ခ Mr.Feng Li က ဆွေးနွေးပို့ချပါသည်။ အဆိုပါ ဆွေးနွေးပို့ချချက်များမှ အောက်ပါတို့ကို ကောက်နုတ်တင်ပြအပ်ပါသည်-

(က) တရုတ်နိုင်ငံသည် ၂၁ ရာစုတွင် ကမ္ဘာ့အင်အားကြီးနိုင်ငံ ဖြစ်လာစေရန် ရည်ရွယ်၍ တရုတ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဖွဲ့စည်းပုံများတွင် သိသာထင်ရှားသော အပြောင်းအလဲများကို ကြုံတွေ့ခဲ့ရသည့် လုပ်ငန်းစဉ်ကို ရည်ညွှန်းပါကြောင်း၊ အထူးသဖြင့် ၂၀ ရာစုနှောင်းပိုင်းတွင် Deng Xiaoping မှ စတင်ခဲ့သော ပြုပြင်ပြောင်းလဲမှုများကြောင့် တိုးတက်ပြောင်းလဲလာခဲ့ခြင်းဖြစ်ပါကြောင်း၊

(ခ) ကမ္ဘာနှင့်တစ်ဝှမ်းတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားဖြစ်စေသည့် အချက်များမှာ ၁၈ ရာစုနှစ်တွင် ဗြိတိန်နိုင်ငံ၌ ဖြစ်ပေါ်ခဲ့သော စက်မှုတော်လှန်ရေး၊ ၁၈၆၀ ခုနှစ်နှင့် ၁၈၇၀ ခုနှစ်များတွင် ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့အနောက်နိုင်ငံများ၏ စက်မှုတော်လှန်ရေး၊ ဒုတိယကမ္ဘာစစ် ဖြစ်ပွားပြီးနောက်ဖြစ်ပေါ်ခဲ့သော စက်မှုတော်လှန်ရေးတို့ကြောင့် ဖြစ်ပါကြောင်း၊

(ဂ) ဖွံ့ဖြိုးဆဲနိုင်ငံများ ကြုံတွေ့ရသည့် အခက်အခဲများမှာ ကိုလိုနီစနစ်နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံစနစ်အားနည်းခြင်း၊ စီးပွားရေးမူဝါဒများ နောက်ကျနေခဲ့ခြင်း၊ ပြည်တွင်းလူဦးရေများပြားလာခြင်း၊ သဘာဝအရင်းအမြစ်များကို အထိန်းအကွပ်မဲ့ ထုတ်ယူသုံးစွဲခြင်း၊ နိုင်ငံရေးတည်ငြိမ်မှုမရှိခြင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုလုပ်ငန်းများနှင့် အခြေခံအဆောက်အအုံကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ လိုအပ်ခြင်း၊ နည်းပညာကွာဟမှုများရှိနေခြင်း၊ အသက်မွေးဝမ်းကြောင်းပညာနှင့် ပို၍ကောင်းမွန်သော ပညာရေးစနစ်သည် အကန့်အသတ်ဖြင့်သာရှိနေခြင်းနှင့် ပညာရေး အဆင့်အတန်း နိမ့်ပါးခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးပူးပေါင်း ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများ ရင်ဆိုင်နေရခြင်းတို့ဖြစ်ပါကြောင်း၊

(ဃ) ၁၉၄၉ ခုနှစ် နောက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် ဆိုဗီယက်ပြည်ထောင်စုမှ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အတွေ့အကြုံများကို ရယူဆောင်ရွက်ခဲ့ရာ အကြီးစားစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို ပြည်သူပိုင်ပြုလုပ်ခြင်းများတွင် အခက်အခဲများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ၁၉၇၀ ခုနှစ် နောက်ပိုင်းတွင် စက်မှုထွန်းကားပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် အရှေ့အာရှရှိ အိမ်နီးချင်းနိုင်ငံများဖြစ်သော စင်ကာပူနှင့် တောင်ကိုရီးယားနိုင်ငံတို့၏ ဖွံ့ဖြိုးမှုပုံစံမှ တရုတ်နိုင်ငံသည် နည်းပညာနှင့် ကျွမ်းကျင်ပညာရှင်များ၏ အကူအညီရယူပြီး ပြုပြင်ပြောင်းလဲရေး ပုံစံသစ်ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ နည်းပညာကသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စက်မှုလုပ်ငန်းများ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း၊

(င) တရုတ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးတွင် ဈေးကွက်ပြုပြင်ပြောင်းလဲမှုများသည်လည်း အပါအဝင်ဖြစ်ပါကြောင်း၊ သမ္မတ Deng Xiaoping လက်ထက်တွင် စီးပွားရေးဖွင့်လှစ်မှုနှင့်အတူ ၁၉၇၀ ခုနှစ်နှောင်းပိုင်းအစတွင် တရုတ်နိုင်ငံသည် ဗဟိုမှစီမံထားသည့်စီးပွားရေးစနစ်မှ ဈေးကွက်ကိုဦးတည်သည့်စီးပွားရေးစနစ်သို့ ကူးပြောင်းခဲ့ပါကြောင်း၊ ထို့ပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အားပေးသည့် အထူးစီးပွားရေးဇုန်များ တည်ထောင်ခြင်းနှင့် အိမ်ထောင်စု တာဝန်ယူမှုစနစ်များကို ဦးစားပေး၍ စုပေါင်းစိုက်ပျိုးရေးများ ဖျက်သိမ်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ တရုတ်၏ နိုင်ငံရေးစနစ်သည် ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုအောက်တွင် ရှိနေပါကြောင်း၊ သမ္မတ Xi Jinping လက်ထက်တွင် ပြည်တွင်းနှင့် နိုင်ငံတကာရေးရာများတွင် ပိုမိုအားကောင်းသည့် အခန်းကဏ္ဍမှ ပါဝင်နေသဖြင့် တရုတ်နိုင်ငံသည် နောက်ထပ် ဗဟိုချုပ်ကိုင်မှုအာဏာကို ချုပ်ကိုင်ထားသည်ကို တွေ့မြင်ရပါကြောင်း၊ တစ်ပါတီနိုင်ငံအဖြစ် ဆက်လက်တည်ရှိနေချိန်တွင် တရုတ်နိုင်ငံသည် စီးပွားရေး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုတည်ငြိမ်မှုကို အထောက်အကူပြုရန် ၎င်း၏ တရားဥပဒေနှင့် အုပ်ချုပ်ရေးစနစ်များကို ခေတ်မီအောင်

ဆောင်ရွက်ခဲ့ပါကြောင်း၊ လူမှုရေးနှင့် ယဉ်ကျေးမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် မြို့ပြအသွင် တည်ဆောက်ခြင်းသည် အရေးပါ ပါကြောင်း၊ မြို့ပြထွန်းကားမှုသည် လူနေမှုအဆင့်အတန်း၊ စားသုံးမှုမြင့်တက်လာခြင်းနှင့် ဆက်စပ်လျက်ရှိပါကြောင်း၊

(စ) ထို့ပြင် တရုတ်နိုင်ငံသည် ပညာရေးတွင် ကြီးကြီးမားမားရင်းနှီးမြှုပ်နှံခဲ့ပြီး ကျွမ်းကျင်သော လုပ်သားအင်အားများ မြင့်မားလာစေခဲ့ပါကြောင်း၊ အဆင့်မြင့်ပညာရေးစနစ်ကို မြှင့်တင်ရန် အာရုံစိုက်ခဲ့ပြီး သိပ္ပံဆိုင်ရာ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုအတွက် အချက်အချာကျသောနိုင်ငံတစ်ခု ဖြစ်လာခဲ့ပါကြောင်း၊ အစိုးရသည် မြို့ပြနှင့် ကျေးလက်ဒေသများကြား ကွာဟမှုများအပြင် ချမ်းသာမှုနှင့် ဆင်းရဲမှုများကြားတွင် သိသိသာသာ စိန်ခေါ်မှုများ ရှိနေသော်လည်း လူမှုဖူလုံရေးအစီအစဉ်များ ပိုမို ကောင်းမွန်လာစေရန် အစိုးရက အာရုံစိုက် ဆောင်ရွက်ခဲ့ပါကြောင်း၊ တစ်ဖက်တွင် စက်မှုထွန်းကားလာမှုနှင့်အတူ တရုတ်နိုင်ငံသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့ရပါကြောင်း၊ ထို့ပြင် ရေထုညစ်ညမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုလွန်ကဲမှုနှင့် သဘာဝအရင်း အမြစ်များလျော့နည်းလာမှုတို့သည် ရေရှည်တည်တံ့ခိုင်မြဲမှုကို မြှင့်တင်ရန် ကြိုးပမ်းခဲ့သော်လည်း ဆက်လက်ဖြစ်ပွားနေသည့်အတွက် စိုးရိမ်ပူပန်နေရပါကြောင်း ဆွေးနွေးခဲ့ပါသည်။

၁၂။ ၂၁-၃-၂၀၂၅ နံနက်ပိုင်းတွင် "Cultivate a Closer China-ASEAN Community with a Shared Future "ခေါင်းစဉ်ဖြင့် Institute of Asian Studies of China Foreign Affairs University မှ ပါမောက္ခ Yang Yue က ရှင်းလင်းဆွေးနွေးပါသည်-

(က) ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို ၂၀၂၁ ခုနှစ်တွင် အာဆီယံနှင့် တရုတ်နိုင်ငံတို့သည် ၎င်းတို့၏ ဆက်ဆံရေးကို သိသိသာသာ မြှင့်တင်ပေးသည့် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို တည်ထောင်ခဲ့ပြီး ပိုမိုရင်းနှီးသော အသိုက်အဝန်းတစ်ခု တည်ဆောက်ရန်အတွက် ခိုင်မာသော အခြေခံအုတ်မြစ်ကို ပံ့ပိုးပေးနိုင်ပါကြောင်း၊

(ခ) စီးပွားရေးပေါင်းစည်းမှုတွင် အဆင့်မြှင့်တင်ထားသော ACFTA 3.0 ကဲ့သို့သော လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်များမှတစ်ဆင့် စီးပွားရေး ဆက်ဆံမှုများကို နက်ရှိုင်းစေခြင်း၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းနှင့် စက်မှုနှင့် ထောက်ပံ့ရေး

ကွင်းဆက်များကို အားကောင်းစေခြင်း၊ တရုတ်နိုင်ငံသည် အာဆီယံ၏ အကြီးဆုံး ကုန်သွယ်ဖက်ဖြစ်ပြီး အာဆီယံသည်လည်း တရုတ်နိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်များထဲမှ တစ်ခုဖြစ်လာခဲ့ပြီး ခိုင်မာသော အပြန်အလှန် မှီခိုမှုကို ဖြစ်လာစေနိုင်ပါကြောင်း၊

(ဂ) ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (BRI) နှင့် အာဆီယံပေါင်းစပ်ဆက်သွယ်မှု မဟာစီမံကိန်း (MPAC-2025) ၂၀၂၅ ကဲ့သို့သော အစပျိုးမှုများမှတစ်ဆင့် ဒစ်ဂျစ်တယ် ဆက်သွယ်မှုများကို မြှင့်တင်ခြင်းသည် ဒေသတွင်း ပေါင်းစည်းမှုနှင့် စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်လာနိုင်ပါကြောင်း၊

(ဃ) နိုင်ငံရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုတွင် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် ဆွေးနွေးမှု၊ အပြန်အလှန် ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေခြင်းသည် ဒေသတွင်း တည်ငြိမ်မှုအတွက် မရှိမဖြစ်လိုအပ်ပြီး ရေကြောင်းလုံခြုံရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်နိုင်ငံသည် ဒေသတွင်း ငြိမ်းချမ်းရေးအတွက် ၎င်း၏ ကတိကဝတ်ကို အလေးထားဖော်ပြထားပြီး အရှေ့တောင်အာရှ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု စာချုပ် (TAC) ကို လက်မှတ်ရေးထိုးသော အာဆီယံ၏ ပထမဆုံး ဆွေးနွေးဖက်နိုင်ငံဖြစ်ပါကြောင်း၊

(င) ယဉ်ကျေးမှုဖလှယ်မှုများ၊ ခရီးသွားလာမှု၊ ပညာရေးနှင့်မီဒီယာပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ပိုမိုနားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်ခြင်းသည် ခိုင်မာသော အသိုက်အဝန်းတစ်ခု တည်ဆောက်ရန်အတွက် အဓိကကျလာကြောင်း၊

(စ) ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် စိမ်းလန်းသော ဖွံ့ဖြိုးတိုးတက်မှုစသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်းသည် ဒေသ၏ ရေရှည်ကောင်းမွန်ရေးအတွက် အလွန်အရေးကြီးပါကြောင်း၊

(ဆ) ဒစ်ဂျစ်တယ် စီးပွားရေးနှင့် တီထွင်ဆန်းသစ်မှုတွင် အီး-ကူးသန်းရောင်းဝယ်ရေး၊ ခေတ်မီသောမြို့များ၊ AI နှင့် 5G အပါအဝင် ဒစ်ဂျစ်တယ် စီးပွားရေးနယ်ပယ်သစ်

များတွင် ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများကို ရှာဖွေခြင်းသည် တီထွင်ဆန်းသစ်မှုနှင့် အနာဂတ် ကြီးထွားမှုကို တွန်းအားပေးနိုင်ပါကြောင်း၊

(ဃ) တရုတ်နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အစပျိုးမှု (GDI)၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေး အစပျိုးမှု (GSI) နှင့် ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှု အစပျိုးမှု (GCI) တို့ကို အာဆီယံ၏ ကိုယ်ပိုင် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များနှင့် ညှိနှိုင်းခြင်းဖြင့် အပြန်အလှန် အကျိုးရှိစေမည့် အခွင့်အလမ်းများ ဖန်တီးနိုင်ပါကြောင်းစသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ပါသည်။

၁၃။ ၂၁-၃-၂၀၂၅ နေ့လည်ပိုင်းတွင် “Belt and Road Initiative in Practice and Global Development Initiatives”ခေါင်းစဉ်ဖြင့် Institute of West Asian & African Studies, Chinese Academy of Social Sciences မှ ပါမောက္ခ Dr.He Wenping က ဆက်လက်ရှင်းလင်းဆွေးနွေးပါသည်။ အဆိုပါဆွေးနွေးချက်များမှ အောက်ပါတို့ကို ကောက်နှုတ်တင်ပြအပ်ပါသည်-

(က) တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းကို စတင်အကောင်အထည်ဖော်ရခြင်းမှာ တရုတ်နိုင်ငံ၏ ကမ်းရိုးတန်းနှင့် ကုန်းတွင်းတို့တွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဘက်ညီစေရန်၊ တရုတ်နိုင်ငံ၏အခြေခံအုတ်မြစ် ကောင်းမွန်စွာတည်ရှိခြင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လိုအပ်ချက်များ၊ ၂၀၀၈ ခုနှစ် ဘဏ္ဍာရေးနှင့် စီးပွားရေးဂယက် နောက်ပိုင်း ကမ္ဘာ့စီးပွားရေးတိုးတက်မှု နှောင့်နှေးနေခြင်းတို့ကြောင့်ဖြစ်ပါကြောင်း၊

(ခ) ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းစတင်သည့်ကာလမှ ဆယ်စုနှစ်အတွင်း ၂၀၂၁ ခုနှစ်၌ တရုတ်-လာအို မီးရထားလမ်းနှင့် နီပေါနိုင်ငံတွင် ရေအားလျှပ်စစ်စက်ရုံကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ်မှစ၍ နိုင်ငံပေါင်း ၁၂ နိုင်ငံနှင့် မြို့ပေါင်း ၃၀ ကျော်ထိရောက်ရှိသော တရုတ်-ဥရောပ၊ အာရှအလယ်ပိုင်း- တရုတ်- ရုရှား ရထားလမ်းတို့ကိုလည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပါကြောင်း၊

(ဂ) Belt and Road Initiative (BRI) သည် သမ္မတ ရှီကျင့်ဖျင် လက်ထက် ၂၀၁၃ ခုနှစ်တွင် ချမှတ်ခဲ့သော ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဗျူဟာ ဖြစ်ပါကြောင်း၊ အဓိက ရည်မှန်းချက်မှာ ကမ္ဘာ့ကုန်သွယ်ရေးကို မြှင့်တင်ရန်နှင့် ရှေးဟောင်း

ပိုးလမ်းမကို အမှတ်ရစေမည့် ကုန်သွယ်မှုလမ်းကြောင်းများဖော်ဆောင်ခြင်းဖြင့် အာရှတစ်ဝှမ်းနှင့် အခြားစီးပွား ရေးတိုးတက်မှုကို လှုံ့ဆော်ရန်ဖြစ်ပါကြောင်း၊ အဆိုပါ ပဏာမခြေလှမ်းသည် အခြေခံအဆောက်အအုံများ တည်ဆောက်ရန်၊ ချိတ်ဆက်မှု တိုးတက်စေရန်နှင့် အဓိကအားဖြင့် အာရှ၊ အာဖရိကနှင့် ဥရောပရှိနိုင်ငံများ ကြားတွင် ပိုမိုခိုင်မာသော စီးပွားရေးဆိုင်ရာ ဆက်ဆံမှုများကို မြှင့်တင်ရန် ဖြစ်ပါကြောင်း၊

(ဃ) "One Belt, One Road" ထိပ်သီးအစည်းအဝေးကို ၂၀၁၇ ခုနှစ် မေလ၊ ၂၀၁၉ ခုနှစ် ဧပြီလနှင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလတို့တွင် ကျင်းပခဲ့ပါကြောင်း၊ ကုလသမဂ္ဂ အဖွဲ့အစည်းအများအပြား၏ ဆုံးဖြတ်ချက်များသည် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းကို ထောက်ခံခဲ့ကြပြီး UN SDG Post 2015 Agenda အတွက် အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ထို့ပြင် ကုလသမဂ္ဂမှ SDGs အောင်မြင်မှုကို အရှိန်မြှင့်ရန်အတွက် BRI ကို တန်ဖိုးမဖြတ်နိုင်သော ယာဉ်တစ်စီး အဖြစ်လည်း အသိအမှတ်ပြုခဲ့ပါကြောင်း၊ ၂၀၁၉ ခုနှစ် ဧပြီလ ၂၆ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် Antonio Guterres က ''ကမ္ဘာကြီးသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် များ(SDGs) အောင်မြင်ရန် ကြိုးပမ်းအားထုတ်မှုများကို အရှိန်မြှင့်ပေးသော Belt and Road Initiative မှ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး ရပ်ဝန်းနှင့် ပိုးလမ်းမ၏ မဏ္ဍိုင် ၅ ရပ်သည် လူသားအားလုံးအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သဘောတရားများ၊ အယူအဆများနှင့် ချိတ်ဆက်နေကြောင်း" ကို အလေးပေးပြောကြားခဲ့ပါကြောင်း၊

(င) BRI တွင် အဓိက အစိတ်အပိုင်းနှစ်ခု ပါဝင်ပါကြောင်း၊ ပိုးလမ်းမစီးပွားရေး လမ်းကြောင်း (တရုတ်နိုင်ငံမှ ဗဟိုအာရှမှတဆင့် ဥရောပသို့ ကုန်သွယ်မှု လမ်းကြောင်း) ဖန်တီးခြင်းနှင့် ၂၁ ရာစု ပင်လယ်ရေကြောင်းဆိုင်ရာပိုးလမ်းမ (အရှေ့တောင်အာရှ၊ တောင်အာရှ၊ အာဖရိကနှင့် ဥရောပနှင့် တရုတ်နိုင်ငံတို့ကို ဆက်သွယ်သည့် ဆိပ်ကမ်းများနှင့် ပင်လယ်လမ်းကြောင်းများ) တည်ဆောက်ခြင်းတို့အပေါ် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေကြောင်းဆိုင်ရာ ပိုးလမ်းမဖြစ်ပေါ်မီ မူလအစသည် ဘီစီ ၁၀၀ တွင် အသုံးပြုခဲ့သော လမ်းကြောင်းဖြစ်ပြီး မိုင် ၄,၀၀၀ (၆,၄၀၀ ကီလိုမီတာ) လမ်းသည် တရုတ်နိုင်ငံ၊ ရှီအန်း (Xi'an) တွင်

စတင်ခဲ့ပြီး အနောက်မြောက်ဘက်သို့ မဟာတံတိုင်းကို ဖြတ်သွားပြီး Pamir တောင်ကို တက်ကာ အာဖဂန်နစ္စတန်ကိုဖြတ်၍ အရှေ့ဘက်မြေထဲပင်လယ်သို့ ဆက်သွားခဲ့ပါကြောင်း၊

(စ) BRI တွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး (လမ်းများ၊ တံတားများ၊ ရထားလမ်းများ၊ ဆိပ်ကမ်းများ)၊ စွမ်းအင်စီမံကိန်းများ (ရေနံပိုက်လိုင်းများ၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ)နှင့် နည်းပညာ (ဒစ်ဂျစ်တယ်အခြေခံ အဆောက်အအုံ) ကဲ့သို့သော ကဏ္ဍအသီးသီးတွင် ရင်းနှီးမြှုပ်နှံမှုများ ပါဝင်ပါကြောင်း၊ အဆိုပါ ပဏာမခြေလှမ်းသည် ယဉ်ကျေးမှုဖလှယ်ရေးနှင့် လူအချင်းချင်းချိတ်ဆက်မှု မြှင့်တင်ရန် ရည်ရွယ်ပါကြောင်း၊

(ဆ) အဓိကရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ကုန်သွယ်မှုလမ်းကြောင်းများနှင့် အခြေခံအဆောက်အအုံများ မြှင့်တင်ခြင်းဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ရေး၊

(၂) တရုတ်နိုင်ငံနှင့် အခြားဒေသများအကြား ယဉ်ကျေးမှုဖလှယ်ရေးနှင့် နားလည်မှု တိုးမြှင့်ရေး၊

(၃) မဖွံ့ဖြိုးသေးသည့် ဒေသများတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်၊ အလုပ်အကိုင်များ ဖန်တီးပေးပြီး လူနေမှုအဆင့်အတန်း မြှင့်တင်ရေး၊

(၄) မိတ်ဖက်နိုင်ငံများနှင့် နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်ခြင်းဖြင့် တရုတ်နိုင်ငံ၏ ပထဝီဝင်နိုင်ငံရေးဩဇာလွှမ်းမိုးနိုင်ရေး၊

(ဇ) တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံသည် BRI ၏ အထင်ကရ ပရောဂျက်များထဲမှ တစ်ခုဖြစ်ပါကြောင်း၊ ၎င်းသည် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအကူအညီဖြင့် ပါကစ္စတန်တွင် တည်ဆောက်နေသည့် အခြေခံအဆောက်အအုံစီမံကိန်းများ စုစည်းမှု ဖြစ်ပါကြောင်း၊ ၎င်းတွင် တရုတ်နိုင်ငံ၏အနောက်ဘက် ရှင်ကျန်းဒေသကို ပါကစ္စတန်၏ ဂွာဒါဆိပ်ကမ်းနှင့် အာရေဗျပင်လယ်ရှိ ဂွာဒါဆိပ်ကမ်းသို့ ချိတ်ဆက်ရန် ရည်ရွယ်ချက်ဖြင့် အဝေးပြေးလမ်းများ၊ ရထားလမ်းများနှင့် စွမ်းအင်စီမံကိန်းများ ပါဝင်ပါကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံမှ ထောက်ပံ့ထားသည့် မြန်နှုန်းမြင့် ရထားလမ်း စီမံကိန်းသည် အင်ဒိုနီးရှားရှိ ဂျကာတာနှင့် ဘန်ဒေါင်းကို ဆက်သွယ်ရန် ဒီဇိုင်းထုတ်ထားပြီး မြို့နှစ်မြို့ကြား ခရီးသွားလာချိန်ကို သိသိသာသာ လျှော့ချပေးပါကြောင်း၊ စီမံကိန်းသည် အင်ဒိုနီးရှား၏ အခြေခံအဆောက်အအုံ

ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးပြီး စီးပွားရေးတိုးတက်မှုကို မြှင့်တင်ကာ အခြားရွေးချယ်စရာများ၊ ပိုမိုထိရောက်သော သယ်ယူပို့ဆောင်ရေး နည်းလမ်းကို ပံ့ပိုးပေးလျက်ရှိပါကြောင်း၊

(ဈ) ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (BRI) ကို အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် (AIIB)၊ ဖွံ့ဖြိုးတိုးတက်မှုဘဏ် (NDB) (BRICS ဘဏ်ဟုလည်းသိကြသည့်) နှင့် အခြားသော နိုင်ငံစုံပလက်ဖောင်းများကဲ့သို့သော နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ယန္တရားများနှင့် ငွေကြေးအဖွဲ့အစည်းများမှတဆင့် ပံ့ပိုးကူညီပြီး မြှင့်တင်ပေးခဲ့ပါကြောင်း၊ ဤအဖွဲ့အစည်းများသည် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းပရောဂျက်များကို ဘဏ္ဍာငွေထောက်ပံ့ခြင်းနှင့် နိုင်ငံများအကြား ရေရှည်တည်တံ့သော ပူးပေါင်းဆောင်ရွက်မှုကို တည်ဆောက်ခြင်းအတွက် မရှိမဖြစ် အရေးပါပါကြောင်း၊

(ည) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် တရုတ်နိုင်ငံသည် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့် ပတ်သက်သော ပူးပေါင်းဆောင်ရွက်မှု စာတမ်းပေါင်း ၂၀၀ ကျော်ကို နိုင်ငံပေါင်း ၁၅၁ နိုင်ငံနှင့် နိုင်ငံတကာ အဖွဲ့အစည်း ၃၂ ခုနှင့် လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ BRI နိုင်ငံများနှင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၉.၁ ထရီလီယံကျော်ဖြစ်ပြီး BRI နိုင်ငံများနှင့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် ဒေါ်လာ ၂၄၀ ဘီလီယံကျော်ရှိပါကြောင်း၊ ဒေါ်လာ ၆၀ ဘီလီယံနီးပါး ရင်းနှီးမြှုပ်နှံခြင်းဖြင့် စီးပွားရေးနှင့် ကုန်သွယ်ရေးဇုန် ၈၀ ကျော်ကို တည် ထောင်နိုင်ခဲ့ပြီး အလုပ်အကိုင်ပေါင်း ၂၄၀,၀၀၀ ကို ဖန်တီးပေးထားပြီး ပရောဂျက်ပေါင်း ၆,၀၀၀ နီးပါး လည်ပတ်လျက်ရှိပါကြောင်း၊ China-Europe Express သည် ၂၀၁၇ ခုနှစ် အစမှ ၅,၀၀၀ ကျော်ထိ ရထား ဒါဇင်ပေါင်းများစွာသာ ပြေးဆွဲခဲ့ပြီး ယခု ၂၀၂၀ ခုနှစ် မေလမှစတင်၍ ၃၅ လဆက်တိုက် တစ်ဆက်တည်းတွင် ရထားပေါင်း ၁,၀၀၀ ကျော်ဖြင့် ဥရောပနိုင်ငံ ၂၅ နိုင်ငံရှိ မြို့ပေါင်း ၂၀၀ ကျော်ကို ချိတ်ဆက်ပေးလျက်ရှိပါကြောင်း ဆွေးနွေးခဲ့ပါသည်။

**Great Wall သို့ လေ့လာရေးခရီးစဉ် သွားရောက်ခြင်း**

၁၄။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့၊ နံနက်ပိုင်းတွင် ပေကျင်းမြို့ရှိ မဟာတံတိုင်း (Great Wall) သို့ သွားရောက်လည်ပတ်ခဲ့ပါသည်။ မဟာတံတိုင်းကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကြီးမားဆုံး ဆောက်လုပ်ရေးစီမံချက်များထဲမှ တစ်ခုဖြစ်ပါကြောင်း၊ ချင်မင်းဆက်လက်ထက် (၇ရာစုခန့်) တွင် စတင်တည်ဆောက်ခဲ့ပြီး မွန်ဂိုလီးယားအတွင်းပိုင်း၏ တောင်ဘက်နယ်စပ် တစ်လျှောက်ကို လခြမ်းပုံသဏ္ဍာန် ရစ်ပတ်ထားပြီး အလျား ၅,၅၀၀ ကီလိုမီတာ၊ အမြင့် ၇.၈ မီတာ မှ ၁၄ မီတာ၊ အကျယ် ၄ မီတာ မှ ၅ မီတာအထိ ရှိပါကြောင်း၊ တည်ဆောက်ရခြင်း ရည်ရွယ်ချက်မှာ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၏ နယ်နိမိတ်ကို ကာကွယ်ရန်အတွက် ဖြစ်ပါကြောင်း၊ ၁၉၈၇ ခုနှစ်တွင် (UNESCO) ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နေရာအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပါကြောင်း၊ မဟာတံတိုင်းကြီးသည် တရုတ်ဒဏ္ဍာရီနှင့် လူကြိုက်များသော အမှတ်တရနေရာအဖြစ် ကာလကြာရှည်စွာ တည်ရှိခဲ့ပြီး ၂၀ ရာစုတွင် အမျိုးသား သင်္ကေတအဖြစ် မှတ်ယူလာခဲ့ပါကြောင်း၊ ထို့ကြောင့် ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ်မှု များပြားခြင်းကြောင့် စည်ကားလျက်ရှိသည်ကိုတွေ့ရှိရပါသည်။

၁၅။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့၊ မွန်းလွဲပိုင်းတွင် ပေကျင်းမြို့ရှိ Commodity Market သို့ သွားရောက်လည်ပတ်ခဲ့ပြီး ၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ ၁၂:၄၅ နာရီတွင် ပေကျင်းမြို့မှ ချန်ဒူးမြို့သို့ လေကြောင်းလိုင်း CA4102 ဖြင့် ထွက်ခွာခဲ့ပြီး ချန်ဒူးမြို့သို့ ဒေသစံတော်ချိန် ၁၅:၄၅ နာရီတွင် ရောက်ရှိခဲ့ပြီး Holiday Inn Express တွင် တည်းခိုခဲ့ပါသည်။

**ချန်ဒူးမြို့သို့ လေ့လာရေးခရီးစဉ် သွားရောက်ခြင်း**

၁၆။ ချန်ဒူးမြို့သည် တရုတ်နိုင်ငံ၏ အဓိကမြို့ကြီးတစ်မြို့တွင်ပါဝင်ပြီး ခရိုင် ၁၂ ခရိုင်၊ ခရိုင်အဆင့်မြို့ကြီး ၅ ခုနှင့် ၎င်း၏တိုက်ရိုက်တရားစီရင်ပိုင်ခွင့်အောက်တွင် ခရိုင် ၃ ခုတို့ရှိပြီး အရေးပါသော အုပ်ချုပ်ရေးနှင့် စီးပွားရေးဗဟိုချက်ဖြစ်လာသည့် မြို့တစ်မြို့ဖြစ်ပါသည်။

၁၇။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၅ ရက် နံနက် ၁၀:၀၀ နာရီတွင် ချန်ဒူးမြို့ရှိ China Railway Eryuan Engineering Group Co.,Ltd.(CREEC) သို့လေ့လာရေးခရီး ရောက်ရှိခဲ့ပြီး အဆိုပါ ကုမ္ပဏီသည် ၁၉၅၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ရာ ရာစုနှစ် နှစ်ဝက်ကျော် တည်ရှိပြီ ဖြစ်ပါကြောင်း၊ စီချွမ်ပြည်နယ်၊ ချန်ဒူးမြို့တွင် ရုံးစိုက်ကာ တရုတ်နိုင်ငံရှိ ထင်ရှားသော အင်ဂျင်နီယာစစ်တမ်းနှင့်

ဒီဇိုင်းကော်ပိုရေးရှင်းတစ်ခုဖြစ်ပြီး China Railway Group Limited ၏ အဓိက လုပ်ငန်းခွဲတစ်ခုအနေဖြင့် CREEC သည် စစ်တမ်း၊ ဒီဇိုင်း၊ အတိုင်ပင်ခံ၊ အထွေထွေ ကန်ထရိုက်နှင့် စနစ်ပေါင်းစည်းခြင်းအပါအဝင် ဝန်ဆောင်မှုအမျိုးမျိုးတွင် အထူးပြုပါကြောင်း၊ CREEC သည် လမ်းကြောင်း၊ ခြေရာခံ၊ ဘူမိဗေဒ၊ အခွဲ၊ တံတား၊ ဇလဗေဒ၊ ဥမင်အင်ဂျင်နီယာ၊ ဘူတာဒီဇိုင်း၊ ဆက်သွယ်ရေး၊ အချက်ပြ၊ စက်ခေါင်းနှင့် rolling stock၊ စက်ယန္တရား၊ ဗိသုကာပညာ၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးနှင့် အခြားအရာများကဲ့သို့သော နယ်ပယ်စုံတွင် ဝန်ဆောင်မှုများစွာကို ပေးဆောင်လျက်ရှိပါကြောင်း၊ အဆိုပါကုမ္ပဏီသည် လုပ်ငန်းခွဲ ၂၅ ခု၊ အင်စတီကျူ ၁၇ ခုနှင့် နိုင်ငံရပ်ခြားရုံးခွဲ ၁၀ ခုတို့ဖြင့် လည်ပတ်ဆောင်ရွက်လျက်ရှိပြီး အင်ဂျင်နီယာကဏ္ဍတွင် ကျယ်ပြန့်စွာဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၁ ခုနှစ်တွင် CREEC ၏ ပရောဂျက်ဖြစ်သော Chengdu-Guiyang High-Speed Railway သည် International Federation of Consulting Engineers (FIDIC) မှ Excellence Award ကို ရရှိခဲ့ပြီး ထိုနှစ်တွင် တစ်ခုတည်းသော ရထားလမ်းပရောဂျက်အဖြစ် ဂုဏ်ပြုခံခဲ့ရပါကြောင်း၊ CREEC အနေဖြင့် စိန်ခေါ်မှုရှိသော နယ်မြေများမှတဆင့် ၆၄၈ ကီလိုမီတာ ရှည်လျားသော ဤပရောဂျက်သည် တောင်ထူထပ်သော မြန်နှုန်းမြင့်ရထားလမ်းဖောက်လုပ်မှုတွင် အဆင့်မြင့်နည်းပညာကို နမူနာ တစ်ခုအဖြစ် ပြသနိုင်ခဲ့ပါကြောင်း၊ ၂၀၂၀ ခုနှစ် နိုဝင်ဘာလ တွင် CREEC သည် တရုတ်မီးရထားလုပ်ငန်းအတွက် အံဝင်ခွင်ကျဖြစ်သော ဒစ်ဂျစ်တယ်ရထားလမ်းဆိုင်ရာ ဖြေရှင်းချက်များအား ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာကုမ္ပဏီ Trimble နှင့် ဖက်စပ်ဖွဲ့စည်းခဲ့ ပါကြောင်း၊ CREEC သည် မြန်မာ့မီးရထားနှင့် ပူးပေါင်း၍ မန္တလေးနှင့် မူဆယ်သို့ ဆက်သွယ်သည့် ၄၃၁ ကီလိုမီတာ အရှည်ရှိသော မီးရထားလမ်းအတွက် အရေးပါသော ပရောဂျက်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ (CREEC) သည် အမျိုးမျိုးသော ပရောဂျက်များမှတဆင့် ကမ္ဘာလုံးဆိုင်ရာ ရထားလမ်း အခြေခံအဆောက်အအုံအတွက် သိသိသာသာ ပံ့ပိုးကူညီခဲ့ပါကြောင်း၊ CREEC သည် တရုတ်-လာအို မီးရထားအတွက် ခရီးသည်တင် ဝန်ဆောင်မှု အချက်အလက်စနစ် ဒီဇိုင်းထုတ်ခြင်းဖြင့် လာအိုနိုင်ငံ၏ မီးရထား လျှပ်စစ်ခေတ်အားရရှိရေးသို့ ကူးပြောင်းရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါကြောင်း၊ ဤစနစ်တွင် လက်မှတ်ရောင်းချခြင်း၊ ဘူတာရုံစီမံခန့်ခွဲမှု၊ ခရီးသည်တင် လုပ်ငန်းများ၊ စောင့်ကြည့်ခြင်းစနစ်များ ပါဝင်ပါကြောင်း၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင်၊ ဤစနစ်၏

စမ်းသပ်လည်ပတ်မှုကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ရထားလမ်း၏ တရားဝင်ဖွင့်လှစ်မှုအတွက် အဆင်သင့်ဖြစ်စေရန် အာမခံ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် မြန်မာမီးရထားနှင့် ပူးပေါင်း၍ CREEC သည် မြန်မာနိုင်ငံ မန္တလေးမှ တရုတ်နိုင်ငံ ကူမင်းမြို့သို့ ဆက်သွယ်ပေးသည့် ကီလိုမီတာ ၄၃၁ ရထားလမ်းအတွက် လေ့လာမှုများပြုလုပ်ခဲ့ပါကြောင်း၊ လေ့လာမှုများအား ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် စတင်ခဲ့ပြီး ဒေသတွင်း ဆက်သွယ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တိုးမြှင့်ရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ CREEC သည် အာဖရိကဆာဟာရအောက်ပိုင်း၌ ပထမဆုံးသော Addis Ababa Light Rail System ကို တည်ဆောက်ရာတွင် အဓိကကျစွာပါဝင်ခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်ခဲ့သည့် အဆိုပါပရောဂျက်တွင် ၃၇ ကီလိုမီတာ အကွာအဝေးရှိ စံချိန်စံညွှန်းလမ်းကြောင်းများနှင့် 750 V DC မှ လျှပ်စစ်ဓာတ်အားရရှိရေးတို့ ပါဝင်ပါကြောင်း၊ China Railway Group သည် ဆောက်လုပ်ရေး လုပ်ငန်းအဆင့်အတွက် CREEC မှ တာဝန်ယူ ဆောင်ရွက်ခဲ့ပါကြောင်း၊

၁၈။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၅ ရက် နေ့လည်ပိုင်းတွင် ၀၁:၃၀ နာရီတွင် ချန်ဒူးမြို့ရှိ Eastern Suburb Memory (Dingjiao Memory) သို့ သွားရောက်လည်ပတ်ခဲ့ကြပါကြောင်း၊ အဆိုပါ Eastern Suburb Memory (Dingjiao Memory)သည် တရုတ်နိုင်ငံရှိ ယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာ အယူအဆကို ရည်ညွှန်းပြီး အထူးသဖြင့် Dingjiao ရပ်ကွက်၏ ဧရိယာများနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှု၊ ယဉ်ကျေးမှုနှင့် အသွင်ကူးပြောင်းမှုတွင် ၎င်း၏ အရေးပါမှုတို့သည် ပေကျင်းမြို့အရှေ့ဘက် ဆင်ခြေဖုံးများ၏ အမှတ်တရများနှင့် ဆက်စပ်နေသည်ကို လေ့လာခဲ့ရပါကြောင်း၊ Dingjiao Memory သည် "အရှေ့ဆင်ခြေဖုံးမှတ်ဉာဏ်" ကိုဆိုလိုပါကြောင်း၊ အဆိုပါဧရိယာသည် ယခင်က တရုတ်နိုင်ငံ၏ ပထမ ၅ နှစ်စီမံကိန်းတွင် ဆိုဗီယက်နိုင်ငံက ပံ့ပိုး ပေးသည့် ပရောဂျက် ၁၅၆ ခု၏ အဓိက အစိတ်အပိုင်းဖြစ်သော ချန်ဒူးပြည်နယ်ပိုင်၊ Hongguang အီလစ်ထရောနစ်ပိုင် အထူးသဖြင့် အစိုးရပိုင်စက်ရုံတစ်ခုဖြစ်ပြီး ချန်ဒူးမြို့၏ ဖွံ့ဖြိုး တိုးတက်ရေး အတွက် အရေးပါသော ကဏ္ဍတစ်ခုဖြစ်ခဲ့ပါကြောင်း၊ နည်းပညာများ ဖွံ့ဖြိုးလာသည်နှင့်အမျှ အီလက်ထရောနစ်စက်များ ခေတ်မမီတော့ဘဲ စက်ရုံ၏ အခန်းကဏ္ဍ လျော့နည်းလာခဲ့ပါကြောင်း၊ ထို့ကြောင့် စက်မှုလုပ်ငန်းများကို နေရာပြောင်းလဲခြင်း၊ ပြန်လည် တည်ဆောက်ခြင်းတို့ဖြင့် ထိုဧရိယာအား ပြန်လည်ရှင်သန်စေခဲ့ပါကြောင်း၊ ယခုအခါ ပိုမိုဆန်းသစ်သော တီထွင်ဖန်တီးမှုများနှင့် လူငယ်များအတွက် ဖက်ရှင်နေရာများအဖြစ် ဖန်တီးထားမှုများ၊ ထူးခြားသောသမိုင်း၊ ခေတ်မီ

ဖွံ့ဖြိုးသောစီးပွားရေးလုပ်ငန်းများနှင့် ခရီးသွား များကို ဆွဲဆောင်လျက်ရှိပါကြောင်း လေ့လာသိရှိရပါသည်။

၁၉။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့၊ နံနက် ၀၉:၀၀ နာရီတွင် Chengdu Research Base of Giant Panda Breeding အစီအစဉ်ဖြင့် တရုတ်နိုင်ငံ၊ စီချွမ်ပြည်နယ်၊ ချန်ဒူးမြို့တွင်ရှိသည့် ပန်ဒါကြီးများ၊ ပန်ဒါနီများနှင့် အခြားရှားပါးတိရစ္ဆာန်များအတွက် အစိုးရမှ ထောက်ပံ့ထားသည့် အကျိုးအမြတ် မယူသော မွေးမြူရေးနှင့် သုတေသနဌာနသို့ လေ့လာခဲ့ပါကြောင်း၊ Chengdu Panda Base ကို ချန်ဒူးမြူနီစီပယ်ပြည်သူ့အစိုးရမှ ၁၉၈၇ ခုနှစ်တွင် တည်ထောင်ခဲ့ပါကြောင်း၊ ဧရိယာ ၃.၀၇ စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး ကမ္ဘာပေါ်တွင် ကြီးမားသောပန်ဒါဝက်ဝံများ ထိန်းသိမ်းစောင့်ရှောက်ရေးဌာနကြီး ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းအတွက် ကမ္ဘာ့အထင်ကရ နေရာအဖြစ် ဆွဲဆောင်ထားသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

၂၀။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင် ချန်ဒူးမြို့မှ ယွီလုံမြို့သို့ ညနေ ၀၂:၀၀ နာရီတွင် High-Speed Railway ဖြင့် ထွက်ခွာခဲ့ရာ ယွီလုံမြို့သို့ ၀၅:၀၀ နာရီတွင် ရောက်ရှိခဲ့ပြီး Sichuan Zhangside Executive Leadership Academy တွင်တည်းခိုခဲ့ပါသည်။

၂၁။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့၊ နံနက်ပိုင်းတွင် Jiulongshan ရွာရှိ Yilong Sericulture Base သို့ လေ့လာရေးခရီး သွားရောက်ခဲ့ပါကြောင်း၊ Yilong Sericulture Base သည် တရုတ်နိုင်ငံ၊ စီချွမ်ပြည်နယ်တွင်တည်ရှိပြီး ထင်ရှားသောနေရာတစ်ခုဖြစ်ပါကြောင်း၊ Jiulongshan ရွာသည် တောင်တန်းဒေသဖြစ်ပြီး ၎င်း၏ သဘာဝအလှကြောင့် လူသိများပြီး ဒေသ၏ စိုက်ပျိုးရေး လုပ်ငန်းသည်အထူးထင်ရှားပါကြောင်း၊ ဒေသခံများသည် ပိုးစာပင်များစိုက်ပျိုးခြင်းနှင့် ပိုးထည်ရက်လုပ်ခြင်းဆိုင်ရာ အသိပညာနှင့် အတတ်ပညာများကို မျိုးရိုးစဉ်ဆက် ၎င်းလုပ်ငန်းကို နှစ်ပေါင်းများစွာကတည်းက လုပ်ကိုင်ခဲ့ကြပါကြောင်း၊ အဆိုပါ Jiulongshan ကျေးရွာသည် ပိုးစာပင်များ စိုက်ပျိုးခြင်းနှင့် ပိုးကောင်များ ကိုယ်တိုင် မွေးမြူခြင်းမှ တစ်ဆင့် ဒေသတွင်း စီးပွားရေးကို အထောက်အကူပြုသည့် ကျယ်ပြန့်သော ပိုးထွက်သည့် ဒေသ၏ တစ်စိတ်တစ်ပိုင်း ဖြစ်ပါကြောင်းလေ့လာသိရှိခဲ့ရပါသည်။ ထို့နောက် ကျေးရွာရှိ လူငယ်တစ်ဦးမှ ရွာမှ ထွက်ရှိသည့် သီးနှံများကို ဈေးကွက်သို့ အွန်လိုင်းမှတစ်ဆင့် ဖြန့်ဖြူးပေးမှုကို ရှင်းပြခဲ့ပါကြောင်း၊ ထို့နောက် အမှတ်တရ ဓာတ်ပုံများရိုက်ကူးကြပြီး ကျေးရွာမှ ထွက်ရှိသော စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။

၂၂။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့၊ နေ့လည်ပိုင်း ၀၂:၃၀ နာရီတွင် Yilong-Jialing River Bridge Construction Project သို့ လေ့လာရေးခရီးသွားရောက်ခဲ့ရာ တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊ Yilong-Jialing မြစ်ကူးတံတား တည်ဆောက်ရေး စီမံကိန်းသည် တရုတ်နိုင်ငံ၊ စီချွမ်ပြည်နယ်ရှိ ထင်ရှားသော အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု တစ်ခုဖြစ်ပါကြောင်း၊ ၎င်းပရောဂျက်သည် ဒေသတွင်းချိတ်ဆက်မှု၊ သယ်ယူ ပို့ဆောင်ရေး ကွန်ရက်များမြှင့်တင်ရန်နှင့် Yilong ဒေသနှင့် ပတ်ဝန်းကျင်ဒေသများအတွက် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို ပံ့ပိုးရန် ပိုမိုကျယ်ပြန့်သော ကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်း ဖြစ်ပါကြောင်း၊ အဓိက ရည်ရွယ်ချက်မှာ Jialing မြစ်ကို ပိုင်းခြားထားသော အဓိက ဧရိယာနှစ်ခုကို ချိတ်ဆက်ပြီး ဒေသတွင်းသယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံမြှင့်တင်ရန် ဖြစ်ပြီး လမ်းအသွားအလာနှင့် ထောက်ပံ့ပို့ဆောင်ရေးနှစ်ခုစလုံးကို ပိုမိုကောင်းမွန်စေရန် ကူညီပေးသည့် ကုန်စည်နှင့် ခရီးသည် များသွားလာမှု ပိုမိုချောမွေ့ကာ မြန်ဆန် ချောမွေ့စေမည်ဖြစ်ပြီး ယာဉ်ကြောပိတ်ဆို့မှုကို သက်သာ စေရန် မျှော်လင့်ပါကြောင်း၊ Yilong-Jialing မြစ်ကူးတံတားသည် ဒေသခံများအတွက် သိသာ ထင်ရှားသော စီးပွားရေးအကျိုးအမြတ်များ ရရှိလာမည်ဟု မျှော်လင့်ရပါကြောင်း၊ အထူးသဖြင့် Yilong ၏ ကျေးလက်ဒေသများကို စီချွမ်ပြည်နယ်ရှိ ပိုမိုဖွံ့ဖြိုးပြီးဖြစ်သော မြို့ပြဒေသများနှင့် ချိတ်ဆက်ပေးခြင်းဖြစ်ပြီး၊ တံတားတည်ဆောက်ရေးစီမံကိန်းသည် ဘေးအန္တရာယ် ကင်းရှင်းရေး စံနှုန်းများနှင့် ကိုက်ညီသည့် အဆင့်မြင့် အင်ဂျင်နီယာနှင့် ဒီဇိုင်းတို့ဖြင့် နှစ်လမ်းသွား ခြောက်လမ်းဖြင့် ကြိုးတံတားပုံစံ ဖြစ်ပါကြောင်း၊ အဆိုပါ စီမံကိန်းကို ၂၀၁၉ ခုနှစ်တွင် စတင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇွန်လတွင် ပြီးစီးနိုင်မည်ဟု မျှော်မှန်းထားပါကြောင်း၊ စီမံကိန်း၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုမှာ ယွမ်သန်း ၇၆၀ ခန့်ဖြစ်ပါကြောင်း သိရှိရပါသည်။

၂၃။ ထိုမှတဆင့် Yilong Economic Development Zone သို့ သွားရောက်ခဲ့ပါကြောင်း၊ အဆိုပါ Yilong စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဇုန်သည် Chengdu-Chongqing စီးပွားရေးဇုန်၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည့် စီချွမ်ပြည်နယ် အရှေ့မြောက်ပိုင်းရှိ Yilong နယ်မြေဧရိယာတွင် တည်ရှိပါကြောင်း၊ Yilong စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဇုန် တည်ထောင်ရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ ဒေသ၏ စီးပွားရေးအသွင်ကူးပြောင်းမှုကို မြှင့်တင်ရန်၊ သီးသန့် စက်မှုဇုန်တစ်ခု ထူထောင်ခြင်းဖြင့် ပြည်တွင်းနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန်၊ ဒေသ၏

ယှဉ်ပြိုင်နိုင်စွမ်းနှင့် စီးပွားရေး အလားအလာများကို မြှင့်တင်ရန် ဖြစ်ပါကြောင်းလေ့လာသိရှိရပါကြောင်း၊ ထို့နောက် Sichaun Dechuan Auto Parts Co.,Ltd သို့ ဆက်လက်သွားရောက်ခဲ့ပါကြောင်း၊ အဆိုပါကုမ္ပဏီသည် ကားနှင့်ဆက်စပ်သည့် လုပ်ငန်းများ လုပ်ဆောင်ပါကြောင်း၊ ၎င်းပစ္စည်းများကို အလူမီနီယံဖြင့် ထုတ်လုပ်ခြင်းဖြစ်ပါကြောင်း၊ အလူမီနီယံကုန်ကြမ်းကို ချုံချင်းမြို့မှ ရယူခြင်းဖြစ်ပါကြောင်း၊ ပို့ကုန်အနေဖြင့် ဥရောပနိုင်ငံများ၊ ရုရှားနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့ကို အများဆုံး တင်ပို့လျက်ရှိပါကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံဈေးကွက်တွင် ၆၇ ရာခိုင်နှုန်း နေရာယူလျက် ရှိပါကြောင်းလေ့လာသိရှိခဲ့ရပါသည်။

၂၄။ ထိုမှတဆင့် ပိုးချည်မျှင်ထုတ်လုပ်ရောင်းချရာ BOMBYX သို့ရောက်ရှိခဲ့ပြီး ၎င်းပိုးထည်အထည်အလိပ်များကို အဓိကအားဖြင့် အာရှ၊ ဥရောပနှင့် မြောက်အမေရိက ရှိနိုင်ငံများသို့ တင်ပို့လျက်ရှိပါကြောင်း လေ့လာသိရှိရပါသည်။

၂၅။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့၊ နံနက်ပိုင်းတွင် Sichuan Zhangside Executive Leadership Academy တွင် ကျောင်းတာဝန်ခံများနှင့် အမှတ်တရ ဓာတ်ပုံရိုက်ကူးကြပြီး Yilong မှ Langzhong မြို့သို့ နံနက် ၀၉:၀၀ နာရီတွင် ကားဖြင့်စတင်ထွက်ခွာခဲ့ပြီး ထိုမှတစ်ဆင့် ပေကျင်းမြို့သို့ ညနေ ၀၃:၃၀ နာရီတွင် ရောက်ရှိခဲ့ပါသည်။

၂၆။ ၂၉-၃-၂၀၂၅ ရက် နံနက်ပိုင်းတွင် “Status of Planning and Implementation of Infrasttructure Connectivity between China and Asian Countries” ဘာသာရပ်အား China International Contractors Association မှ ပါမောက္ခ Mr.Xin Xiuming က ဆွေးနွေးပို့ချခဲ့ပါသည်။ အဆိုပါဆွေးနွေးပို့ချချက်များမှ အောက်ပါတို့ကို ကောက်နုတ် တင်ပြအပ်ပါသည်-

(က) China International Contractors Association ကို ၁၉၈၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အဖွဲ့ဝင် ၁၅၀၀ ရှိပါကြောင်း၊ ၎င်းအဖွဲ့အစည်းသည် ဆောက်လုပ်ရေးဆိုင်ရာစီမံကိန်းများ၊ အလုပ်သမားဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများကို ဝန်ဆောင်မှုပေးခြင်း၊ ညှိနှိုင်းပေးခြင်း၊ အခွင့်အလမ်းများဖန်တီးပေးခြင်းနှင့် အကျိုးစီးပွားများကို အကာအကွယ်ပေးခြင်းစသည့်တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊

(ခ) အပြည်ပြည်ဆိုင်ရာ အခြေခံအဆောက်အအုံ ပူးပေါင်းဆောင်ရွက်မှုတွင် ၂၀၂၄ ခုနှစ်၌ လုပ်ငန်းလည်ပတ်ငွေသည် အမေရိကန်ဒေါ်လာ ၁၆၅.၉၇ ဘီလီယံ ရှိပြီး ယခင်နှစ်ထက် ၃.၁% တိုးတက်ခဲ့ပါကြောင်း၊ စာချုပ်အသစ်များ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၇.၃ ဘီလီယံ ဖြစ်ပြီး ယခင်နှစ်ထက် ၁.၁% တိုးတက်ခဲ့ပါကြောင်း၊ Engineering News Record စာရင်းများအရ၊ ယင်းသည် ကမ္ဘာလုံးဆိုင်ရာ အင်ဂျင်နီယာ ကန်ထရိုက်တာ လုပ်ငန်း၏ ၄ ပုံ ၁ ပုံ ရှိပြီး တိုးတက်မှုနှုန်းမှာလည်း ကောင်းမွန်ပါကြောင်း၊ အဓိက ဈေးကွက်ဖြန့်ဖြူးမှုတွင် နိုင်ငံပေါင်း ၁၉၀ ကျော်နှင့် ဒေသများတွင် လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ၈၅ ရာခိုင်နှုန်းသော လုပ်ငန်းများမှာ အာရှနှင့် အာဖရိကတွင် အဓိကထား လုပ်ကိုင်လျက်ရှိပါကြောင်း၊ အာရှ၏ အချိုးအစားသည် နှစ်စဉ်တိုးတက်လျက်ရှိပြီး အဓိကအားဖြင့် အရှေ့တောင်အာရှနှင့် အနောက်အာရှ (အလယ်အာရှ) ဒေသများတွင် ဖြစ်ပါကြောင်း၊ အရှေ့တောင်အာရှ ဈေးကွက်သည် ၀.၄ရာခိုင်နှုန်း တွင် ရှိနေပြီး၊ အလယ်အာရှ ဈေးကွက်သည် ၁၅ ရာခိုင်နှုန်း အထိ လျင်မြန်စွာ တိုးတက်ခဲ့ပါကြောင်း၊ အရှေ့အလယ်ပိုင်း ဈေးကွက်သည် မကြာသေးမီနှစ်များအတွင်း ၃၉ ရာခိုင်နှုန်း အထိ တိုးတက်ခဲ့ပါကြောင်း၊

(ဂ) အခြေခံအဆောက်အအုံ ပူးပေါင်းဆောင်ရွက်မှု၏ အဓိက နယ်ပယ်များမှာ ပို့ဆောင်ဆက်သွယ်ရေးတည်ဆောက်ခြင်း၊ အဆောက်အအုံ၊ လျှပ်စစ်စွမ်းအင် တည်ဆောက်ခြင်း၊ ရေနံဓာတုဗေဒ၊ စက်မှုလုပ်ငန်းများတည်ဆောက်ခြင်း၊ ဆက်သွယ်ရေးလုပ်ငန်းများ တည်ဆောက်ခြင်း၊ ရေအားလျှပ်စစ် တည်ဆောက်ခြင်း၊ ကုန်ထုတ်လုပ်မှုနှင့် ပြုပြင်စီမံမှုဆိုင်ရာ အဆောက်အအုံ တည်ဆောက်ခြင်းတို့ ပါဝင်ပါကြောင်း၊

(ဃ) လက်ရှိ ပူးပေါင်းဆောင်ရွက်မှုသည် ကြွေးမြီနှင့် ရန်ပုံငွေ အခက်အခဲများနှင့် ရင်ဆိုင်နေရပါကြောင်း၊ ကမ္ဘာ့စီးပွားရေးသည် ဖွံ့ဖြိုးတက်တက်မှုနှုန်းနိမ့်ကျခြင်း၊ ကြွေးမြီမြင့်မားခြင်း၊ ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားခြင်း (အတိုးနှုန်း လျှော့ချခြင်းကို ခေတ္တရပ်ဆိုင်းထားခြင်း) စသည့် အန္တရာယ်များနှင့် ရင်ဆိုင်နေရပါကြောင်း၊ ၂၀၂၄ ခုနှစ်၏ ပထမ သုံးလပတ်တွင် ကမ္ဘာ့ကြွေးမြီ စုစုပေါင်းသည် အမေရိကန်ဒေါ်လာ ၃၂၃ ထရီလီယံအထိ မြင့်တက်ခဲ့ကြောင်း International Finance (IIF) မှ ဖော်ပြထားပါကြောင်း၊

(င) စံချိန်စံညွှန်းနှင့် စီမံကိန်းရေးဆွဲခြင်းပူးပေါင်းဆောင်ရွက်မှုတွင် အခြေခံ အဆောက်အအုံနယ်ပယ်တွင် တရုတ်၌ လက်တွေ့ အတွေ့အကြုံများစွာရှိပြီး၊ စီမံကိန်းရေးဆွဲခြင်းနှင့် ဒီဇိုင်းဆွဲခြင်းဆိုင်ရာစွမ်းဆောင်ရည်များ၊ အင်ဂျင်နီယာ နည်းပညာနှင့် ထုတ်ကုန်စံချိန်စံညွှန်းများကို ယေဘုယျအားဖြင့် အသိအမှတ်ပြု လက်ခံထားပြီး အသုံးချလျက်ရှိပါကြောင်း၊ ပထဝီနိုင်ငံရေးပဋိပက္ခများ၊ ကုန်သွယ်ရေး အကာအကွယ်ပေးမှုများ၊ အရေးယူပိတ်ဆို့မှုများနှင့် အချို့နိုင်ငံများသည် ဘက်လိုက်ရပ်တည်ခြင်းများကြောင့် ပြင်ပဝင်ရောက်စွက်ဖက်မှုနှင့် ဈေးနှုန်းနည်း ပြိုင်ဆိုင်မှုတို့ကြောင့် ဆိုးကျိုးသက်ရောက်မှု များရှိလာပါကြောင်း၊

(စ) အခြေခံအဆောက်အအုံသည် လူမှုစီးပွားရေး လည်ပတ်မှု၏ အဓိကနှင့် အခြေခံအကျဆုံး အစိတ်အပိုင်းဖြစ်ပါကြောင်း၊ နောင်လာမည့် ၂၀၅၀ ခုနှစ်တွင် တည်ဆောက်မည့် အခြေခံအဆောက်အအုံသစ်များ၏ ၇၅% သည် (စိမ်းလန်းခြင်း နှင့် စွမ်းအင်ကူးပြောင်းမှု) ဖြစ်ရန်လိုအပ်ပြီး၊ ယင်းသည် ကြီးမားသော စိန်ခေါ်မှု ဖြစ်လာနိုင်ပါကြောင်း၊ အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုသည်ထုတ်လုပ်မှုနှင့် ကုန်ထုတ်စွမ်းအား တိုးတက်မှုအတွက် အရေးပါသော အကျိုးသက်ရောက်မှုများရှိသည်။ တရုတ်နိုင်ငံသည် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးတွင် အတွေ့အကြုံ များစွာရှိပြီး၊ စီမံကိန်းနှင့် ဒီဇိုင်းစွမ်းရည်များ၊ အင်ဂျင်နီယာနည်းပညာနှင့် ထုတ်ကုန်စံချိန်စံညွှန်းများကို ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုလက်ခံထားပြီး အသုံးချလျက်ရှိပါ ကြောင်း၊

(ဆ) ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်များကို မြှင့်တင်ပေးခြင်း၊ အာရှနိုင်ငံများသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့ပြတည်ဆောက်ရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်လျက်ရှိရာ အခြေခံအဆောက်အအုံ တည်ဆောက်ရေး လိုအပ်ချက်များ ရှိပါကြောင်း၊ ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် စက်မှု လုပ်ငန်းတိုးတက်မှုများ အရှိန်မြင့်လာသည်နှင့်အမျှ ပို့ဆောင်ဆက်သွယ်ရေး (လေဆိပ်၊ ဆိပ်ကမ်း၊ ရထားလမ်း)၊ စွမ်းအင်နှင့် လျှပ်စစ် (စွမ်းအင်ကူးပြောင်းခြင်း) နှင့် စက်မှုလုပ်ငန်း တည်ဆောက်ခြင်း (စက်မှုဇုန်) တို့သည် အရေးပါသော ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်များ ဖြစ်လာမည်ဖြစ်ပါကြောင်း၊

(ဇ) အခြေခံအဆောက်အအုံ ပူးပေါင်းဆောင်ရွက်မှုများတွင် တရုတ်ကုမ္ပဏီများ၏ စီမံကိန်းနှင့် ဒီဇိုင်းဆိုင်ရာကျွမ်းကျင်မှု အားသာချက်များကို အသုံးချပြီး စီမံကိန်းများ၏ စီးပွားရေးအကျိုးအမြတ်၊ လူမှုရေးအကျိုးအမြတ်နှင့် နည်းပညာဆိုင်ရာ

ဖြစ်နိုင်ခြေများကို သေချာစေရန်အတွက် အဓိက ပူးပေါင်းဆောင်ရွက်မည့် နယ်ပယ်များနှင့် စီမံကိန်းများကို ကြိုတင်ညှိနှိုင်း တိုင်ပင်သင့်ပါကြောင်း၊

(ဈ) လုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု ပုံစံများ၏ ကွဲပြားစုံလင်မှုကို မြှင့်တင်ရန် တရုတ်နိုင်ငံသည် ရင်းနှီးမြှုပ်နှံမှု၊ တည်ဆောက်ရေးနှင့် လည်ပတ်ရေးတို့၏ ပေါင်းစည်းဖွံ့ဖြိုးတိုးတက်မှုကို အားပေးလျက်ရှိပြီး လျှပ်စစ်စွမ်းအင်နှင့် ပို့ဆောင် ဆက်သွယ်ရေး ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ၊ ကန်ထရိုက်တာ လုပ်ငန်း၊ BOT နှင့် PPP စသည်တို့ကို တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊

(ည) OECD ၏ "ဒစ်ဂျစ်တယ် စီးပွားရေး ရှုထောင့်" တွင် ပါဝင်သော အဖွဲ့ဝင်နိုင်ငံ ၃၄ နိုင်ငံသည် အမျိုးသား ဒစ်ဂျစ်တယ် မဟာဗျူဟာကို ချမှတ်ခဲ့ကြပြီး အဖွဲ့ဝင်နိုင်ငံ ၂၄ နိုင်ငံသည် Artificial Intelligence မဟာဗျူဟာကို ချမှတ်ခဲ့ပါကြောင်းစသည်တို့ကို ဆွေးနွေးခဲ့ပါသည်။

၂၇။ ၂၉-၃-၂၀၂၅ ရက် နေ့လယ်ပိုင်းတွင်" China–ASEAN Connectivity in Aviation" ခေါင်းစဉ်ဖြင့် Civil Aviation Management Institute of China မှ ပါမောက္ခ Xie Zhihui က ဆွေးနွေးပို့ချပါသည်။ အဆိုပါဆွေးနွေးပို့ချချက်များမှ အောက်ပါတို့ကို ကောက်နုတ် တင်ပြအပ်ပါသည်-

(က) တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများ၏လေကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အခြေအနေများ၊ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများနှင့် စပ်လျဉ်း၍ တရုတ်နှင့်အာဆီယံတို့သည် တွေ့ဆုံဆက်ဆံရေးကို တရားဝင် ထူထောင်ခဲ့သည့် နှစ်ပေါင်း ၃၀ ကျော်အတွင်း လေကြောင်းခရီးသည် ပို့ဆောင်မှုပမာဏသည် ၂၉၅၀၀၀ ဦးမှ ၂၆.၅၇၇ သန်းအထိ တိုးမြှင့်လာခဲ့ပါကြောင်း၊ လေကြောင်းကုန်စည်ပို့ဆောင်မှုမှာ ၇၉၀၀ တန်မှ တန်ပေါင်း ၂၆၃၂၄ သန်းအထိ တိုးမြှင့်လာခဲ့ပါကြောင်း၊ ၂၀၁၀ ခုနှစ်မှစ၍ တရုတ်နှင့် အာဆီယံနိုင်ငံအကြား လေကြောင်းသယ်ယူပို့ဆောင်ရေးဈေးကွက်သည် လျင်မြန်စွာဖွံ့ဖြိုး တိုးတက်သည့် ကာလတစ်ခုသို့ ဝင်ရောက်လာခဲ့ပါကြောင်း၊ ဒေသတွင်းသယ်ဆောင်သည့် လေယာဉ် အရေအတွက်မှာ ၂၅ စီးမှ ၇၁ စီးအထိ တိုးမြှင့်ခဲ့ကြောင်း၊ အပတ်စဉ် လေယာဉ်ခရီးစဉ်မှာ ၈၂၀ စီးမှ ၄၅၅၁ စီးသို့ တိုးမြှင့်ခဲ့ပါကြောင်း၊ တရုတ်နိုင်ငံအတွင်း ခရီးသည် လေကြောင်းသွားလာသည့် လေဆိပ် ၂၄ ခုမှ ၆၇ ခုအထိ

တိုးမြှင့်ခဲ့ပါကြောင်း၊ အာဆီယံနိုင်ငံများသို့ ခရီးသည်လေကြောင်း သွားလာသည့် လေဆိပ် ၂၃ ခုမှ ၄၁ ခုအထိ တိုးမြှင့်ခဲ့ပါ ကြောင်း၊ လေဆိပ်စွမ်းဆောင်ရည်ကို ချဲ့ထွင်ခြင်းဖြင့် ခရီးသည်နှင့်ကုန်တင်ကုန်ချ တိုးမြှင့်လာကာ စီးပွားရေး တိုးတက်မှုနှင့် ဒေသတွင်းချိတ်ဆက်မှုကို ပံ့ပိုးပေးနိုင်ပါ ကြောင်း၊ Smart airports များတွင် ခေတ်မီနည်းပညာများဖြစ်သော AI, IOT နှင့် Big Data များကို အသုံးပြု နေပါကြောင်း၊ ကိုယ်ပိုင်ဝန်ဆောင်မှု ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အချိန်နှင့်တပြေးညီ လေယာဉ်ပျံသန်းမှု အချက်အလက်များကို ရရှိနိုင်ပါကြောင်း၊ စမတ်လေဆိပ်များ သည် အရင်းအမြစ် ခွဲဝေမှုကို ပိုကောင်းအောင်လုပ်ဆောင်နိုင်ပြီး နှောင့်နှေးမှုများကို လျှော့ချပေးနိုင်ပါကြောင်း၊ ကုန်တင်မှု အတွက် ထိရောက်သော ကုန်တင်ကုန်ချ ပစ္စည်းကိရိယာများသည် အရေးကြီးပါကြောင်း၊ အဆင့်မြင့်စက်ကိရိယာများနှင့် ထောက်ပံ့ပို့ဆောင်ရေး စနစ်များဖြင့် အဆိုပါ အဆောက်အအုံများကို ခေတ်မီအောင် ပြုလုပ်ခြင်းဖြင့် သယ်ယူပို့ဆောင်ချိန်နှင့် ကုန်ကျစရိတ်များကို လျှော့ချနိုင် ပါကြောင်း၊ ဥပမာ- SF လေကြောင်းလိုင်း၏ နန်နင်း-ဘန်ကောက် ကုန်တင် လမ်းကြောင်းသည် သယ်ယူပို့ဆောင်ချိန်ကို ၇၂ နာရီမှ ၈ နာရီကြာချိန်ထိ လျှော့ချနိုင်ခဲ့ပြီး နယ်စပ်ဖြတ်ကျော် e-commerce ကို မြှင့်တင်နိုင်ခဲ့ပါကြောင်း၊

(ခ) လေကြောင်းကွန်ရက်ချဲ့ထွင်ခြင်းနှင့်စပ်လျဉ်း၍ နန်နင်းသည် နိုင်ငံပေါင်း ၁၀ နိုင်ငံရှိ မြို့ပေါင်း ၁၅ မြို့ကို လွှမ်းခြုံထားပြီး အပြည်ပြည်ဆိုင်ရာ ကုန်တင်လမ်းကြောင်း ၁၇ ခုကို အသုံးပြုနေပါကြောင်း၊ ပိုမိုကောင်းမွန်အောင် ပြုလုပ်ထားသော ကုန်စည် ပို့ဆောင်ရေးလမ်းကြောင်းပုံစံများသည် အာဆီယံမြို့ကြီးများနှင့် ချိတ်ဆက်မှုကို ပိုမိုကောင်းမွန်စေပြီး လတ်ဆတ်သောထုတ်ကုန်များနှင့် အီလက်ထရောနစ် ပစ္စည်းများနှင့် အခြားသောဆက်စပ်ပစ္စည်းများ၏ သယ်ယူပို့ဆောင်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပါကြောင်း၊ ကုန်စည်တင်ပို့မှု ပမာဏမှာ ၂၀၂၄ ခုနှစ်တွင် နိုင်ငံတကာ ကုန်တင်ကုန်ချနှင့် စာတိုက်ပို့ဆောင်မှုသည် တန်ချိန် ၁၀၇၅၀၀ သို့ရောက်ရှိလာပြီး တစ်နှစ်ထက်တစ်နှစ် ၂၃.၃ ရာခိုင်နှုန်း တိုးကာ နှစ်စဉ် တန်ချိန် ၄၇၀၀၀၀ ဖြင့် တင်ပို့နိုင်ပါကြောင်း၊ ကုန်တင်ကုန်ချ ပမာဏတိုးလာ ခြင်းသည် နန်နင်း၏ လေကြောင်းထောက်ပံ့ပို့ဆောင်ရေးအတွက် ဈေးကွက်တောင်း ဆိုမှု အားကောင်းခြင်းနှင့် အခြေခံအဆောက်အဦ နှင့် ပျံသန်းရေး စွမ်းဆောင်ရည်များ စဉ်ဆက်မပြတ်တိုးတက်မှုကို ထင်ဟပ်စေပါကြောင်း စသည်တို့ဆွေးနွေးခဲ့ပါသည်။

၂၈။ ၁၀-၃-၂၀၂၅ ရက် နံနက်ပိုင်းတွင် China's High Speed Rail Development and its Economics ခေါင်းစဉ်ဖြင့် Beijing Jiaotong University မှပါမောက္ခ Jianhong Wu က ရှင်းလင်းဆွေးနွေးပါသည်။

(က) မြန်နှုန်းမြင့်ရထားလမ်းဆိုင်ရာ အခြေခံမူများနှင့်စပ်လျဉ်း၍ ပို့ချရာတွင် မြန်နှုန်းမြင့် High Speed ဆိုသည်မှာ တစ်နာရီလျှင် အနည်းဆုံး ၂၅၀ ကီလိုမီတာနှုန်းဖြင့် သွားသည်ကို ဆိုလိုပါကြောင်း၊ High Speed Railway သည် infrastructure, rolling stock, signalling systems, maintenance systems, management, station emplacement, operation rules, marketing, financing တို့ဖြင့် ဖွဲ့စည်းထားသော ရှုပ်ထွေးသည့် စနစ်တစ်ခုဖြစ်ပါကြောင်း၊ မြန်နှုန်းမြင့် ရထားသုံးစွဲသူများအတွက် စုစုပေါင်းခရီးသွားလာရသည့်အချိန်ကုန်သက်သာမှု၊ ယုံကြည်စိတ်ချရမှု၊ သက်တောင့်သက်သာဖြစ်မှု၊ ဈေးနှုန်းသက်သာမှုနှင့် ဘေးကင်းမှု များကို ပေးစွမ်းနိုင်ပါကြောင်း၊ နေ့စဉ် ခရီးသည် ၃၀၀၀၀၀ အထိ သယ်ယူပို့ဆောင် ပေးနေပြီး ယာဉ်ကြောပိတ်ဆို့မှုများကို လျှော့ချပေးနိုင်ပါကြောင်း၊ တရုတ်နိုင်ငံသည် နိုင်ငံတကာတွင် အမြန်ဆုံးရထား (High-Speed Rail – HSR) ဖွံ့ဖြိုး တိုးတက်မှု အတွက် ဦးဆောင်သူအဖြစ် ရပ်တည်လာနိုင်ခဲ့ပါကြောင်း၊ ယနေ့တွင် တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံး အမြန်ရထားကွန်ရက်ကို ပိုင်ဆိုင်ထားပြီး မြို့ကြီးများကို မြန်နှုန်းမြင့် ရထားလိုင်းများဖြင့် ချိတ်ဆက်ပေးနိုင်ခဲ့ပါကြောင်း၊ တရုတ်အစိုးရက ယင်းအမြန်ရထားစီမံကိန်းများကို စီးပွားရေး တိုးတက်ရေးနှင့် ဒေသအတွင်း ပူးပေါင်းဖွံ့ဖြိုးမှုအတွက် အထူးအလေးပေး၍ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ HSR လမ်းကြောင်းများသည် ခရီးသွားချိန်ကို လျှော့ချ ပေးနိုင်ပြီး ထုတ်လုပ်မှုဆိုင်ရာထိရောက်မှုကို မြှင့်တင်ပေးနိုင်ခဲ့ပါကြောင်း၊ ခရီးသွားလုပ်ငန်း၊ အိမ်ခြံမြေဖွံ့ဖြိုးမှုနှင့် စီးပွားရေးစင်တာများ ပိုမိုဖွံ့ဖြိုးလာခြင်း တို့ဖြစ်ပါကြောင်း၊

(ခ) မြန်နှုန်းမြင့်ရထားလမ်းများသည် နိုင်ငံ၏စီးပွားရေးတိုးတက်မှုကို မြှင့်တင်ပေး နိုင်ခြင်း၊ ခရီးသွားချိန်ကာလကို လျှော့ချပေးနိုင်ခြင်း၊ ရထားလမ်းဆောက်လုပ်ရေး နှင့် လုပ်ငန်းလည်ပတ်မှုအတွက် အလုပ်အကိုင်ဖန်တီးပေးနိုင်ခြင်း၊ လေကြောင်း သို့မဟုတ် မော်တော်ယာဉ်လိုင်းများထက် ကာဗွန်ထုတ်လုပ်မှု နည်းပါးသောကြောင့် သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးခြင်း စသည်တို့ဖြစ်ပါကြောင်း၊ စိန်ခေါ်မှုများ

အနေဖြင့် ဆောက်လုပ်ရေးကုန်ကျစရိတ် အလွန်မြင့်မားခြင်း၊ လေကြောင်း သို့မဟုတ် မော်တော်ယာဉ်လိုင်းများနှင့်ယှဉ်ပြိုင်မှုရှိပါကြောင်း၊ နည်းပညာထိန်းသိမ်းမှုနှင့် စနစ်ပြုပြင်ထိန်းသိမ်းရန် ကုန်ကျစရိတ် မြင့်မားပါကြောင်း၊ တရုတ်နိုင်ငံ၏ ပျမ်းမျှတစ်နာရီ ၃၅၀ ကီလိုမီတာနှုန်းဖြင့်သွားသော မြန်နှုန်းမြင့်ရထားများ၏ ကုန်ကျစရိတ်သည် တစ်နာရီ ၂၅၀ ကီလိုမီတာနှုန်း ဖြင့်သွားသော မြန်နှုန်းမြင့်ရထားများ၏ ကုန်ကျစရိတ်ထက် ၉၀ ရာခိုင်နှုန်း ပိုများပါကြောင်း၊ အခြေခံအဆောက်အအုံများ၏ ပျမ်းမျှကုန်ကျစရိတ် အချိုးမှာ ၆၀ ရာခိုင်နှုန်းနှင့် ၂၀ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊

(ဂ) တရုတ်နိုင်ငံတွင် မြန်နှုန်းမြင့်ရထားအသုံးပြုမှုသည် လေကြောင်းအသုံးပြုမှုထက် ပိုမိုအောင်မြင်နေသည်ကို တွေ့ရှိရပါကြောင်း၊ မြန်နှုန်းမြင့်ရထားလိုင်းများ၏ လုပ်ငန်းလည်ပတ်မှု၊ ဘဏ္ဍာရေးနှင့်စီးပွားရေးဆိုင်ရာစွမ်းဆောင်ရည်များကို မြှင့်တင်ရန်နှင့် တည်ဆောက်ဆဲ High speed railway project (HSR)များကို ပြန်လည် အကဲဖြတ်ရန်အတွက် HSR မူဝါဒအသစ်များကို ဒီဇိုင်းရေးဆွဲရန်နှင့် ချမှတ်ရန် အရေးကြီးပါကြောင်း၊ HSR၏ ကျယ်ပြန့်သောစီးပွားရေး အကျိုးအမြတ်များနှင့် HSR၏ ကွန်ရက်သက်ရောက်မှုများကို အကဲဖြတ်ခြင်းသည် တရုတ်နိုင်ငံ၏ HSR အနာဂတ်စီမံကိန်းအတွက် ကိုင်တွယ်ဖြေရှင်းရမည့် အရေးကြီးသော ကိစ္စရပ်များဖြစ်ပါကြောင်း လေ့လာသိရှိခဲ့ရပါသည်။

၂၉။ ၃၀-၃-၂၀၂၅ ရက် နေ့လည်ပိုင်းတွင် “Urban Transportation Infrastructure Development in China: Digital Transportation and Case Studies” ခေါင်းစဉ်ဖြင့် Department of Urban and Rual Planning, Beijing Jiaotong University မှ ပါမောက္ခ Zhahg Chun က ဆက်လက်ရှင်းလင်းဆွေးနွေးပါသည်-

(က) ၂၀၁၄ ခုနှစ်မှစ၍ နိုင်ငံအတွင်းရှိမြို့တစ်မြို့နှင့်တစ်မြို့ တစ်ပြေးညီဖွံ့ဖြိုး တိုးတက်စေရန်အတွက် Transit Oreinted Development (TOD) အား ၂၀၃၅ ခုနှစ်အထိ Master Plan ရေးဆွဲ၍ မူဝါဒများချမှတ်ကာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ Transit Oreinted Development (TOD) ဆိုသည်မှာ မြို့အသီးသီးရှိ ရထားလမ်းများအား ကွန်ရက်သဖွယ်ချိတ်ဆက်၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက်

အောင် ဆောင်ရွက်ခြင်းဖြစ်သည့်အပြင် ရထားလမ်းကွန်ယက်ဘူတာဝန်းကျင်တွင် Housing Complex များ ၊ Business Center များစသည့် အလုပ်အကိုင် အခွင့်အလမ်းများကိုဖန်တီးပေးနိုင်သည့် စီမံကိန်းများပေါင်းစပ်ကာ အကောင်အထည်ဖော်ဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း၊

(ခ) Urban Social Equity အတွက် Transit Oreinted Development (TOD) ကို ဆောင်ရွက်ရာတွင်စီးပွားရေး၊လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ရှုထောင့်များ ဖြင့် ထည့်သွင်းစဉ်းစား၍ ဆောင်ရွက်ထားပါကြောင်း၊ စီးပွားရေးရှုထောင့်အရ Public Transport တွင် မြို့ပြရထားလမ်းများ၊ ဘတ်စ်ကားများ၊ စက်ဘီးများဖြင့် ပေါင်းစပ်ထားပါကြောင်း၊ လူမှုရေးရှုထောင့်အရ ခရီးသွားလာရေးပတ်ဝန်းကျင်ကို မြှင့်တင်ပေးထားပြီး ယာဉ်ကြောပိတ်ဆို့မှုမရှိခြင်းကြောင့် အချိန်ကုန်သက်သာမည် ဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ရှုထောင့်အရ ဘူတာနှင့် အနီးဆုံးလမ်းကြောင်း (သို့) အတိုဆုံးလမ်းကြောင်းအား စဉ်းစားဆောင်ရွက်ထားပြီး Public Transport ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်ခြင်းကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊

(ဂ) ရထားလမ်း တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ရှန်ဟိုင်းမြို့၌ ဘဏ္ဍာရေးစင်တာ (Financial Center) ကိုလည်းကောင်း၊ ပေကျင်းမြို့တွင် နည်းပညာစင်တာ (Technical Center) ကိုလည်းကောင်း ထားရှိ၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊

(ဃ) ရထားလမ်းများတိုးချဲ့ဖောက်လုပ်ခြင်းအတွက် အစိုးရမှ မတည်၍ တည်ဆောက်သောလမ်းများရှိသကဲ့သို့ PPP(BOT) Model ၊Real Estate Investments (REIS)Model၊ Track-Property Model တို့ဖြင့်လည်း ဆောင်ရွက်ခြင်းများ ရှိပါကြောင်း၊ TOD အရ ဆောင်ရွက်နေသော ရထားလမ်းအရှည်မှာ ၃၅၀ ကီလိုမီတာခန့်ရှိပါကြောင်း၊ TOD ကို ဖွံ့ဖြိုးဆဲနိုင်ငံများလည်း အကောင်အထည်ဖော်ခြင်းအားဖြင့် စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ကောင်းကျိုးများ ခံစားနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးခဲ့ပါသည်။

၃၀။ ၃၁-၃-၂၀၂၅ ရက် မနက်ပိုင်းတွင် “Infrastructure Standards in Countries along Belt and Road”ခေါင်းစဉ်ဖြင့် China Association for Standardization မှ Ms.Liu Xingyu က အောက်ပါတို့ကို ဆွေးနွေးပို့ချပါသည်-

(က) တရုတ်နိုင်ငံ၏ သမ္မတ မစ္စတာရှီကျင့်ဖျင်မှ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် အာရှအလယ်ပိုင်းနှင့် အရှေ့တောင်အာရှနိုင်ငံများသို့ သွားရောက်လည်ပတ်စဉ် ပိုးလမ်းမကုန်သွယ်ရေးလမ်းကြောင်းနှင့် ၂၁ ရာစု ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်း - The Silk Road Economic Belt and the 21st Century Maritime Silk Road (Belt and Silk Road) ကို ထူထောင်မည့် အရေးပါသည့် အဆိုပြုချက်ကို ပြောကြားခဲ့သည့်အတွက် ကမ္ဘာ့နိုင်ငံအများအပြား၏ စိတ်ဝင်စားမှုကို ရရှိခဲ့ပါကြောင်း၊

(ခ) Belt and Road Project အား ရည်ရွယ်ချက် ၃ ခုဖြင့် စတင်ခဲ့ပါကြောင်းနှင့် ရပ်ဝန်းနှင့်ပိုးလမ်းမကြီးစတင်တည်ထောင်ရာတွင် အဓိကဆောင်ရွက်ရမည့်အပိုင်း ၂ ပိုင်းရှိပြီး အာရှနှင့်ဥရောပရှိ မျတ်ဖက်နိုင်ငံများနှင့်တရုတ်နိုင်ငံတို့အကြား ဆက်သွယ်ရန် ရထားလမ်းသစ်များတည်ဆောက်ခြင်း၊ အာဖရိကနှင့် တောင်အာဖရိကနိုင်ငံများသို့ ရေကြောင်းစကြ်ံနိများ တည်ဆောက်ခြင်းစသည်တို့ ဖြစ်ပါကြောင်း၊

(ဂ) Belt and Road Initiative သည် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်မြစ်တည်ဆောက်ထားပြီး မိတ်ဖက်နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လမ်းကြောင်းတစ်လျှောက်ပေါ်ရှိ နိုင်ငံများအားလုံး ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ထားခြင်းဖြစ်ပါကြောင်း၊ ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံသည် နိုင်ငံပေါင်း ၂၀၀ ကျော် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး နိုင်ငံပေါင်း ၁၅၂ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၃၂ တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ၎င်းစီမံကိန်းသည် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ တစ်ထရီလျံနီးပါးရှိခဲ့ပြီး စီမံကိန်းလုပ်ငန်း ၃၀၀၀ ကျော်ရှိပါကြောင်း၊

(ဃ) နိုင်ငံတစ်နိုင်ငံ၏ ကိုယ်ပိုင်အခြေခံအဆောက်အအုံဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များရှိသော်လည်း အဆိုပါစံနှုန်းများကို အကောင်အထည်ဖော်ရာတွင် Belt and

Road နိုင်ငံများတွင် ကွဲပြားမှုများရှိပါကြောင်း၊ သို့ရာတွင် တရုတ်စံနှုန်း သတ်မှတ်ရေးဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ (SAC) နှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများသည် ၎င်းတို့၏စံနှုန်းများကို နိုင်ငံတကာစံနှုန်းများ သို့မဟုတ် တရုတ်စံနှုန်းများဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း တစ်လျှောက်ရှိနိုင်ငံများနှင့် ချိန်ညှိ လုပ်ဆောင်လေ့ရှိပါကြောင်း၊ အထူးသဖြင့် တရုတ်နိုင်ငံ၏ ရထားလမ်း၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဆိုင်ရာကျွမ်းကျင်မှုရှိသည့် နယ်ပယ်များတွင် အားထုတ်မှုများရှိပါကြောင်း၊ ပဏာမခြေလှမ်းများ တိုးတက်လာသည်နှင့်အမျှ BRI ပရောဂျက်များ အောင်မြင်ပြီး ကမ္ဘာလုံးဆိုင်ရာ မျှော်မှန်းချက်များပြည့်မီ စေရန်အတွက် စံချိန်စံညွှန်း သတ်မှတ်ရေး၊ ရေရှည်တည်တံ့မှုနှင့် အရည်အသွေးအာမခံချက်တို့သည် အရေးကြီးသောကဏ္ဍများအဖြစ် ဆက်လက်ရှိနေမည်ဖြစ်ပါကြောင်း၊ တရုတ်နှင့် BRI နိုင်ငံများကြား စံပြုလည်ပတ်မှုယန္တရား (SOM)တွင် စည်းမျဉ်းဘောင်များနှင့် ငွေကြေး ထောက်ပံ့မှုပုံစံများမှ စီမံကိန်းအကောင်အထည်ဖော်မှုနှင့် စောင့်ကြည့်ရေးစနစ်များအထိ ပူးပေါင်းဆောင်ရွက်မှု အလွှာများစွာ ပါဝင်ပါကြောင်း၊ ဤယန္တရားသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးသည့် အခြေခံအဆောက်အအုံစီမံကိန်းများကို ချောမွေ့ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရန်၊ ချိတ်ဆက်မှုတိုးမြှင့်ရန်နှင့် တရုတ်နှင့် ပူးပေါင်းဆောင်ရွက်နေသော နိုင်ငံများအတွက် အပြန်အလှန် အကျိုးဖြစ်ထွန်းမှုကို မြှင့်တင်ရန်ဖြစ်ပါကြောင်း၊ စည်းမျဉ်းစည်းကမ်းပိုင်း ကွာဟချက်များ၊ ဘဏ္ဍာရေးအခက်အခဲများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ပူပန်မှုများကဲ့သို့သော စိန်ခေါ်မှုများရှိနေသော်လည်း တရုတ်နိုင်ငံသည် BRI စီမံကိန်းများကို နိုင်ငံတကာစံနှုန်းများနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များနှင့် ချိန်ညှိကာ Belt and Road လမ်းကြောင်းတစ်လျှောက် ရေရှည်မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်ရန် လုပ်ဆောင်လျက်ရှိပါကြောင်း၊

(င) တရုတ်နိုင်ငံ၏ စံပြုဥပဒေစနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စံချိန်စံညွှန်း သတ်မှတ်ရေးဥပဒေကို ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် အတည်ပြုခဲ့ပြီး ၁၉၈၉ ခုနှစ် ဧပြီလ ၁ ရက်နေ့အထိ အသက်ဝင်ခဲ့ပါကြောင်း၊ တရုတ်ပြည်သူ့

သမ္မတနိုင်ငံ ပြန်လည်ပြင်ဆင်ထားသည့် စံနှုန်းသတ်မှတ်ရေးဥပဒေသည် ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်နေ့ အထိ အသက်ဝင်ပါကြောင်း၊ စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာ စည်းမျဉ်းများနှင့် စံပြုစာရွက်စာတမ်း များကို SAC မှ စည်းမျဉ်း ၁၂ ခုနှင့် စံပြုစာရွက်စာတမ်း ၄၂ ခုကို ထုတ်ပြန်ခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ပရော်ဖက်ရှင်နယ်စံနှုန်းသတ်မှတ်ရေးဆိုင်ရာ ကော်မတီပေါင်း ၁,၃၃၀ ရှိပါကြောင်း၊ ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းထိ နိုင်ငံနှင့် ဒေသဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ရေးအဖွဲ့အစည်း ၆၅ ခုနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် ၁၀၈ ခုကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည့်အတွက် စံနှုန်းများကို အပြန်အလှန် အသိအမှတ်ပြုခြင်းသည် သဘောတူညီချက်၏ အရေးကြီးသော အစိတ်အပိုင်း တစ်ခု ဖြစ်ပါကြောင်း၊

(စ) ၂၀၂၄ ခုနှစ်တွင် BRI တွင်ပါဝင်သည့် နိုင်ငံများ၏ အလုံးစုံအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး အညွှန်းကိန်းသည် အနည်းငယ်တက်လာပါကြောင်း၊ BRI နိုင်ငံများအကြား စံချိန်စံညွှန်း အပြန်အလှန်ချိတ်ဆက်ခြင်း လုပ်ငန်းစီမံချက်ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ လ ၁၆ ရက်နေ့တွင် SAC မှ ထုတ်ပြန်ခဲ့ပါကြောင်း၊

(ဆ) စံချိန်စံညွှန်းသတ်မှတ်ခြင်းသည် လမ်းပန်းဆက်သွယ်ရေး၊ စွမ်းအင်နှင့် အခြားသော အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် အထောက်အကူ ဖြစ်စေပါကြောင်း၊ စံပြုသတ်မှတ်ခြင်းသည် ကောင်းမွန်သော ရေရှည်တည်တံ့သော မြို့ပြဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေခြင်း၊ စံချိန်စံညွှန်းသတ်မှတ်ခြင်းသည် လူတို့၏ အသက်မွေးဝမ်းကြောင်းဆိုင်ရာ နယ်ပယ်များတွင် အပြန်အလှန်အညီပေးမှုကို ဖြစ်ပေါ်စေခြင်း၊

(ဇ) တရုတ်စံနှုန်းများကို နိုင်ငံတကာစံနှုန်းများနှင့် မဟာဗျူဟာကျကျ လိုက်လျောညီထွေဖြစ်စေရန် တက်ကြွသော သံခင်းတမန်ခင်းတွင် ပါဝင်ဆောင်ရွက်ခြင်း၊ စီးပွားရေးသြဇာ လွှမ်းမိုးမှုကို အသုံးချကာ ပွင့်လင်းမြင်သာမှုနှင့် ယုံကြည်မှုကို မြှင့်တင်ခြင်းဖြင့် တရုတ်နိုင်ငံ၏ စံနှုန်းများသည် ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေးတွင် ရှေ့တန်းမှ ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း၊ ဤကြိုးပမ်းမှုများသည် တရုတ်နည်း

ပညာများနှင့် ထုတ်ကုန်များကို နိုင်ငံတကာ ဈေးကွက်များသို့ ချဲ့ထွင်နိုင်စေမည် ဖြစ်ပြီး ကမ္ဘာတစ်ဝှမ်းရှိ စက်မှုလုပ်ငန်းများ၏ အနာဂတ်ကို ပုံဖော်ရာတွင် တရုတ်နိုင်ငံ၏ဩဇာလွှမ်းမိုးမှုကို မြှင့်တင်ပေးကာ ကမ္ဘာ့ နည်းပညာတိုးတက်မှုကို အထောက်အကူဖြစ်စေရုံသာမက BRI တွင်ပါဝင်သည့် နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူဖြစ်စေမည် ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

၃၁။ ၃၁-၃-၂၀၂၅ ရက်နေ့ ညနေပိုင်းတွင် Beijing Jiaotong University သို့ သွားရောက်လေ့လာခဲ့ရာ ပါမောက္ခ Zhahg Chun ဦးဆောင်သည့် ကျောင်းသား/သူ အဖွဲ့တို့မှ ကြိုဆို၍ ကျောင်းသူတစ်ဦးမှ ကျောင်း၏ သမိုင်းကျောင်းများအား ရှင်းလင်းပြသခဲ့ပါသည်-

(က) Beijing Jiaotong University သည် မူလက Imperial Chinese မီးရထားကောလိပ်အဖြစ် ၁၈၉၆ ခုနှစ်တွင် တည်ထောင်ခဲ့ပါကြောင်း၊ ၎င်းသည် တရုတ်နိုင်ငံရှိ ရှေးအကျဆုံး တက္ကသိုလ်များထဲမှ တစ်ခုဖြစ်ပြီး မီးရထားနှင့် သယ်ယူပို့ဆောင်ရေး အင်ဂျင်နီယာဘာသာရပ်ကို ပထမဆုံး စတင်ခဲ့သည့် တက္ကသိုလ်ဖြစ်ပါကြောင်း၊ ၎င်းသည် တရုတ်နိုင်ငံ၏ မီးရထားနှင့် မြေအောက်ရထားစနစ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ပြီး အင်ဂျင်နီယာများနှင့် ကျွမ်းကျင်သူများကို မွေးထုတ်ပေးခဲ့ပါကြောင်း၊ အထူးသဖြင့် သယ်ယူပို့ဆောင်ရေး အင်ဂျင်နီယာ၊ မြို့ပြအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာနှင့် လျှပ်စစ်အင်ဂျင်နီယာ နယ်ပယ်များတွင် အင်ဂျင်နီယာ ပရိုဂရမ်များအတွက် ကျော်ကြားပါကြောင်း၊ သယ်ယူပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ လေ့လာရေးတွင် တရုတ်နိုင်ငံ၏ ထိပ်တန်းတက္ကသိုလ်များထဲမှ တစ်ခုဖြစ်ပါကြောင်း၊ BJTU သည် "ပရောဂျက်ပေါင်း ၂၁၁ ခု" ၏ အဖွဲ့ဝင်ဖြစ်ပြီး၊ တရုတ်နိုင်ငံရှိ အဆင့်မြင့်တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်သည့် အမျိုးသား စီမံကိန်းနှစ်ခုစလုံးတွင် ပထမတန်းစား ကိုယ်စားပြုမှုတွင် ပါဝင်ပါကြောင်း၊

(ခ) BJTU သည် နိုင်ငံတကာ ကျောင်းသားများအတွက် အောက်ပါပညာသင်ဆု အမျိုးမျိုးကို ပေးလျက်ရှိပါကြောင်း သိရှိခဲ့ရပါသည်-

(၁) တရုတ်အစိုးရပညာသင်ဆု (CSC Scholarship)
ကျူရှင်၊ နေရာထိုင်ခင်း၊ နေထိုင်စရိတ်နှင့် အာမခံ အကျုံးဝင်သည့် ပညာသင်ဆု အပြည့်အစုံ၊ Bachelor's, Master's, and Ph.D

များအတွက် အစီအစဉ်များ (China Scholarship Council သို့မဟုတ် တရုတ်သံရုံးမှတဆင့် လျှောက်လွှာတင်ရန် လိုအပ်ပါကြောင်း)၊

(၂) ပေကျင်းအစိုးရပညာသင်ဆု
(အများအားဖြင့် ကျူရှင်ခ၏ တစ်စိတ်တစ်ပိုင်း ပညာသင်ဆု) ဘွဲ့ကြိုနှင့် ဘွဲ့လွန် နိုင်ငံတကာ ကျောင်းသားများအတွက် ဖွင့်လှစ်ထားပါကြောင်း၊

(၃) BJTU ဥက္ကဋ္ဌပညာသင်ဆု
ထူးချွန်သောနိုင်ငံတကာလျှောက်ထားသူများအတွက်၊စွမ်းဆောင်ရည်ပေါ်မူတည်၍ သင်တန်းကြေးနှင့် နေထိုင်စရိတ် ပါဝင်ပါကြောင်း၊

(၄) ပိုးလမ်းမပညာသင်ဆုအစီအစဉ်
တရုတ်နိုင်ငံ၏ Belt and Road Initiative ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီးBelt and Road နိုင်ငံများမှ ကျောင်းသားများအတွက် ရနိုင်ပါကြောင်း၊ ယေဘုယျအားဖြင့် Master's နှင့် Doctoral ဘာသာရပ်များကို ပံ့ပိုး ပေးပါကြောင်း။

**ပိတ်ပွဲအခမ်းအနားကျင်းပခြင်း**

၃၂။ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက် ၁၁ : ၀၀ နာရီတွင် ပိတ်ပွဲအခမ်းအနားကို AIBO ၌ ကျင်းပပြုလုပ်ခဲ့ရာ Department of China-aid Training Program ၊ AIBO ၏ ဒုတိယ ညွှန်ကြားရေးမှူး Mr.Zheng Mingyuan မှဂုဏ်ပြုအမှာစကားပြောကြားခဲ့ပါသည်။ အဆိုပါ ပိတ်ပွဲအခမ်းအနားတွင် မလေးရှားနိုင်ငံ၏ကိုယ်စားလှယ်ဖြစ်သူ Ms. Carolyn မှ ကျေးဇူးတင်စကား ပြောကြားခဲ့ပြီးနောက် နိုင်ငံအလိုက် သင်တန်းဆင်းလက်မှတ်များပေးအပ်၍ ဆွေးနွေးပွဲကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပါသည်။

**ရရှိသည့်အကျိုးကျေးဇူးများ**

၃၃။ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ရသဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံ ဆောက်လုပ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များနှင့် အတွေ့အကြုံများကို သိရှိနားလည်ပြီး ပြုပြင်ပြောင်းလဲရေးမူဝါဒနှင့် နိုင်ငံတကာတွင် တရုတ်နိုင်ငံ၏ ဦးဆောင်အခန်းကဏ္ဍကို ထင်ဟပ်စေခြင်းဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများအကြား သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အသိပညာ

ဗဟုသုတများတိုးပွားရရှိခြင်းနှင့် ခေတ်နှင့်အညီ ပြောင်းလဲလာသော စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အယူအဆများနှင့် အတွေ့အကြုံများကို လေ့လာသိရှိခွင့်ရခြင်း၊ ထိုမှတစ်ဆင့် ရရှိသော အတွေ့အကြုံနှင့် ဗဟုသုတများကို အသုံးချ၍ မိမိတို့နိုင်ငံနှင့် ကိုက်ညီသော မူဝါဒနှင့် စီမံကိန်းများ ရေးဆွဲဆောင်ရွက်ရာတွင် အထောက်အပံ့များရရှိသည့် ဆွေးနွေးပွဲတစ်ခု ဖြစ်ပါသည်။

**သုံးသပ်အကြံပြုချက်များ**

၃၄။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရာတွင် အရှေ့အာရှရှိ အိမ်နီးချင်းနိုင်ငံများ၏ ဖွံ့ဖြိုးမှုပုံစံမှတစ်ဆင့် တရုတ်နိုင်ငံ၏ကိုယ်ပိုင်ပုံစံဖြင့် ပြောင်းလဲဆောင်ရွက်နိုင်ခြင်း၊ သယ်ယူပို့ဆောင်ရေးအခြေခံအဆောက်အအုံများဖြစ်သော High-speed Railway (HSR) နှင့် Transit Oreinted Development (TOD) စီမံကိန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ AI နှင့် IOT Technology ဖြင့် အသုံးပြုဆောင်ရွက်မှုများနှင့် နည်းပညာ ထွန်းကားပြီး ပြည်သူများနှင့် ချိတ်ဆက်နိုင်မှုများ၊ သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံ ကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုအား အတုယူသင့်ပါသည်။

၃၅။ တရုတ်နိုင်ငံ၏ High-speed Railway (HSR)နှင့် Transit Oreinted Development (TOD) စီမံကိန်းများအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မဟာဗျူဟာများအား အနာဂတ် သယ်ယူပို့ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များတွင် ထည့်သွင်းစဉ်းစားရန် အရေးကြီးကြောင်းနှင့် ဆွေးနွေးပွဲမှ ရရှိသော အသိပညာဗဟုသုတများကို အသုံးချ၍ မိမိဌာန၊ မိမိနိုင်ငံနှင့် ကိုက်ညီသော ကောင်းမွန်သည့် အလေ့အကျင့်ကောင်းများကို ကျင့်သုံးပြီး နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မူဝါဒပိုင်းဆိုင်ရာများနှင့် စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**နိဂုံး**

၃၆။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးအခြေခံအဆောက်အအုံများတွင် High Technology ကို အသုံးပြု၍ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်နေမှုများ၊ ရိုးရာယဉ်ကျေးမှုနှင့် သမိုင်းဝင်ကျော်ကြားသည့်မဟာတံတိုင်းနှင့် ပြတိုက်အဆောက်အဦများ၊ Modern Farming ဆောင်ရွက်နေမှုများ၊ လူနေမှုအဆင့်အတန်းများကို လေ့လာဆည်းပူးခွင့် ရရှိခဲ့ခြင်းနှင့် ချန်ဒူးမြို့၏ ပြယုဂ်ဖြစ်သော ပန်ဒါမွေးမြူရေး သုတေသနဌာန၊ ချင်းဟွာဈေးနှင့်

အထင်ကရ နေရာဖြစ်သော Tongjiaoing Memory နှင့် Yilong ဒေသရှိ Jiulongshan ရွာ၏ မိရိုးဖလာ ပိုးမွေးမြူစိုက်ပျိုးခြင်းလုပ်ငန်း၊ Yilong-Jialing မြစ်ကူးတံတားတည်ဆောက်ရေး လုပ်ငန်း၊ Yilong စီးပွားရေးဇုန်ရှိ စက်ပစ္စည်းထုတ်လုပ်နေမှု အခြေအနေများ၊ BOMXY ကုမ္ပဏီမှ ပိုးထည်ပြခန်းများ၊ ပေကျင်းမြို့ရှိ Beijing Jiaotong University သို့ လေ့လာသူအဖြစ် တက်ရောက်ရခြင်းတို့ကြောင့် အတွေ့အကြုံများစွာ ရရှိခဲ့ပါသည်။

၃၈။ ထို့ပြင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့်မိမိဌာန၊ အဖွဲ့အစည်း၏ ဆောင်ရွက်နေသည့် လုပ်ငန်း တာဝန်များ၊ ဆက်စပ်နေသော စီးပွားရေး၊ လူမှုရေး၊ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ကဏ္ဍများတွင် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် အိမ်နီးချင်း နိုင်ငံများမှ စီးပွားရေး၊ လူမှုရေး၊ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက် အအုံ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများတွင် နည်းပညာများတိုးတက် ပြောင်းလဲဆောင်ရွက်နေ သည်များကို စဉ်ဆက်မပြတ်လေ့လာသင်ယူ၍ လက်တွေ့အသုံးချနိုင်မှသာ မိမိနိုင်ငံ ဖွံ့ဖြိုး တိုးတက်မှုအတွက် ထိရောက်စွာ အကျိုးပြုနိုင်မည်ဖြစ်ပါသည်။

၃၉။ သို့ဖြစ်ပါ၍ ဆွေးနွေးပွဲကာလမှ ရရှိသည့် အသိပညာ၊ ဗဟုသုတနှင့် အတွေ့အကြုံများကို လက်တွေ့နယ်ပယ်တွင် ထိရောက်စွာ အသုံးချခြင်းဖြင့် ဆွေးနွေးပွဲတက်ရောက်သူများအတွက် သာမက အခြေခံအဆောက်အအုံဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် ဌာနများ နှင့် နိုင်ငံအတွက်ပါ အကျိုးကျေးဇူးရှိသော ဆွေးနွေးပွဲတစ်ခု ဖြစ်ပါကြောင်းတင်ပြအပ်ပါသည်။

ဇင်မာချို
လက်ထောက်ညွှန်ကြားရေးမှူး
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဧပြီလ ရက်။

**နောက်ဆက်တွဲ(က)**

**နေ့ရက်အလိုက်ပြုလုပ်ခဲ့သော ဆွေးနွေးပို့ချမှု အစီအစဉ်များ**

နေ့ရက်အလိုက်ပြုလုပ်ခဲ့သော ဆွေးနွေးပို့ချမှုအစီအစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ၁၉-၃-၂၀၂၅(နံနက်ပိုင်း) | - | ဖွင့်ပွဲအခမ်းအနားကျင်းပခြင်းနှင့်နေ့လယ်စာ တည်ခင်းဧည့်ခံကျွေးမွေးခြင်း |
| (ခ) | ၂၀-၃-၂၀၂၅ (နံနက်ပိုင်း) | - | တရုတ်နိုင်ငံ၏ လက်ရှိအခြေအနေနှင့် သမိုင်းကြောင်းများ |
| | (မွန်းလွဲပိုင်း) | - | တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး၊ တံခါးဖွင့်ဝါဒနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများ၊ |
| (ဂ) | ၂၁-၃-၂၀၂၅ (နံနက်ပိုင်း) | - | လူသားတို့အတွက်မျှဝေသည့် အနာဂတ်နှင့်ပိုမိုနီးကပ်သော တရုတ်-အာဆီယံ အသိုက်အဝန်းတစ်ခုတည်ဆောက်ခြင်း၊ |
| | (မွန်းလွဲပိုင်း) | - | ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့် ကမ္ဘာလုံးဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ်ဆိုင်ရာ အလေ့အကျင့်များ၊ |
| (ဃ) | ၂၂-၃-၂၀၂၅ (နံနက်ပိုင်း) | - | မဟာတံတိုင်းသို့သွားရောက်လေ့လာခြင်း၊ |
| | (မွန်းလွဲပိုင်း) | - | Tian Tong Yuan Commodity Market သို့ သွားရောက်လေ့လာခြင်း၊ |
| (င) | ၂၄-၃-၂၀၂၅ (နံနက်ပိုင်း) | - | ချန်ဒူးမြို့သို့ လေ့လာရေးခရီးသွားရောက်ခြင်း၊ |
| (စ) | ၂၅-၃-၂၀၂၅(နံနက်ပိုင်း) | - | China Railway Eryuan Engineering Group Co.,Ltd.(CREEC) သို့လေ့လာခြင်း၊ |
| | (မွန်းလွဲပိုင်း) | | Eastern Suburb Memory (Dingjiao Memory) အားလေ့လာခြင်း၊ |

| | | | |
|---|---|---|---|
| (ဆ) | ၂၆-၃-၂၀၂၅ (နံနက်ပိုင်း) | - | ချန်ဒူးမြို့ရှိ ပန်ဒါမျိုးပွားခြင်း သုတေသန အခြေစိုက်စခန်းအားလေ့လာခြင်း၊ |
| | (မွန်းလွဲပိုင်း) | - | Yilong County သို့ လေ့လာရေးခရီး သွားရောက်ခြင်း၊ |
| (ဇ) | ၂၇-၃-၂၀၂၅ (နံနက်ပိုင်း) | - | မိရိုးဖလာပိုးမွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်သည့် Jiulongshan ရွာအား သွားရောက် လေ့လာခြင်း၊ |
| | (မွန်းလွဲပိုင်း) | - | Yilong-Jialing မြစ်ကူးတံတား ဆောက်လုပ်ရေးလုပ်ငန်းခွင်နှင့် Yilong စီးပွားရေး ဖွံ့ဖြိုး တိုးတက်ရေးဇုန်သို့ သွားရောက် လေ့လာခြင်း၊ |
| (ဈ) | ၂၉-၃-၂၀၂၅(နံနက်ပိုင်း) | - | တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား အခြေခံ အဆောက်အအုံ ချိတ်ဆက်မှု စီမံကိန်းနှင့် အကောင်အထည်ဖော်နိုင်မှု အခြေအနေများ၊ |
| | (မွန်းလွဲပိုင်း) | | တရုတ်-အာဆီယံ လေကြောင်းဆက်သွယ်မှု၊ |
| (ည) | ၃၀-၂၀၂၅ (နံနက်ပိုင်း) | - | တရုတ်နိုင်ငံ၏ မြန်နှုန်းမြင့်မီးရထား ဖွံ့ဖြိုးတိုးတက်မှုနှင့် ၎င်း၏စီးပွားရေး၊ |
| | (မွန်းလွဲပိုင်း) | - | တရုတ်နိုင်ငံ၏ မြို့ပြပို့ဆောင်ရေး အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုအောက်ရှိ ဒစ်ဂျစ်တယ် ပို့ဆောင်ရေးနှင့် ဖြစ်ရပ်များအား လေ့လာမှုများ၊ |
| (ဋ) | ၃၁-၃-၂၀၂၅ (နံနက်ပိုင်း) | - | ရပ်ဝန်းနှင့် ပိုးလမ်းမတစ်လျှောက် နိုင်ငံများတွင် အခြေခံအဆောက်အအုံ စံသတ်မှတ်ချက်များ၊ |
| | (မွန်းလွဲပိုင်း) | | Beijing Jiaotong University သို့ သွားရောက်လေ့လာခြင်း၊ |
| (ဋ) | ၁-၄-၂၀၂၅ (နံနက်ပိုင်း) | - | ပိတ်ပွဲအခမ်းအနားကျင်းပခြင်း |

နောက်ဆက်တွဲ(ခ)

# မှတ်တမ်းဓာတ်ပုံများ




ဖွင့်ပွဲအခမ်းအနား





မဟာတံတိုင်းသို့ သွားရောက်လေ့လာခြင်း




China Railway Eryuan Engineering Group Co.,Ltd.(CREEC)၊ ချန်ဒူးမြို့




Group photo



Sichuan Zhangside Executive Leadership Academy




ပိတ်ပွဲအခမ်းအနားနှင့် ဂုဏ်ပြုလက်မှတ်ပေးအပ်ခြင်း

